ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့၊ (30-10-2007) (၅၄၈၆)

မန္တလေးမြို့ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားကြီး (၁၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃဒါန ဆွမ်းလောင်းပွဲတော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ကြည့်ရှု

နေပြည်တော်　　အောက်တိုဘာ　　၂၉

မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားကြီး (၁၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃဒါနဆွမ်းလောင်းပွဲတော် ရေစက်ချပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားကြီး၏ တောင်ဘက်မုခ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ သံဃဒါနဆွမ်းလောင်းလှူပြီး လှူဖွယ်ပစ္စည်းများကို ရေစက်ချ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ သံဃဒါန ဆွမ်းလောင်းပွဲတော်သို့ နိုင်ငံတော်ဩဝါဒါစရိယ စည်သာကျောင်းတိုက် မိုးထိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ၊ အရှေ့ခင်မကန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇန၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ကြည့်ရှုအားပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အဆင့်မြင့်ပညာအဆင့် နှဲပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဦးစိုးမင်းသူ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆယ့်တစ်ရက်မြောက်နေ့ အစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်　　အောက်တိုဘာ　　၂၉

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆယ့်တစ်ရက်မြောက်နေ့ အစီအစဉ်များကို ယမန်နေ့တွင် နေပြည်တော် ရေဆင်း တက္ကသိုလ်နယ်မြေရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပရာ နေရာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ၌ လေ့လာရေးရောက်ရှိနေကြသော အာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံတို့မှ သတင်းစာဆရာ ၁၈ ဦး၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❃

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် ခိုင်မာသော သမိုင်းကြောင်းနှင့် ဖြစ်တည်လာခဲ့

"မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် ခိုင်မာသော သမိုင်းကြောင်းနှင့် ဖြစ်တည်လာခဲ့သည့်အပြင် ဖြစ်ပေါ်တိုးတက်လာခဲ့သော သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့မူဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် မကွဲမပြား အမြဲထင်ဟပ်နေသော ထူးခြားသည့် ဝိသေသရှိခဲ့ပေသည်"

ခြင်ကျား(မအူပင်)၏ "**အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းသော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေးအတီးပြိုင်ပွဲကြီး**" (ဆောင်းပါး)

စာမျက်နှာ— ၆၊၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၀-၁၀-၂၀၀၇
(အင်္ဂါနေ့)

ကျန်းမာရေးမဏ္ဍိုင်ကြံ့ခိုင်စေရေး ထာဝစဉ်အလေးပေး

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်မှာ ကျန်းမာရေးပင်ဖြစ်သည်။ လူ့ဘဝတွင် လူတိုင်း အသက်ရှည်ပြီး ကျန်းမာကြံ့ခိုင်မှသာ အရာရာကို သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ဝေးလံခေါင်ဖျား နယ်စပ်ဒေသများ အပါအဝင် တစ်နိုင်ငံလုံး၌ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးရင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ စီမံဖြည့်ဆည်းပေးနေမှုကြောင့် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားနိုင်ခဲ့သည်။ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားစသည့် အဓိကရောဂါကြီးများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်သည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင် ကာကွယ်ရေးသည်လည်း အထူးအရေးပါသည်။ ထို့ကြောင့် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ်များကျင်းပ၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး (လက်သန့်)နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (အိမ်သာသန့်)ဟူသည့် သန့်လေးသန့်နှင့် ပြည့်စုံနေစေရေး ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိရာ ပြည်သူတစ်ရပ်လုံးကလည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးနှိုးဆော်ချက်များနှင့် အညီ ကျန်းမာရေးမဏ္ဍိုင်ကြံ့ခိုင်စေရေး အလေးပေး ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းအသက်ရှည် ကျန်းမာခြင်းသုခ ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ညီအစ်ကိုမောင်နှမတို့အား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်း ကျောက်ကုန်း (၁၅)ရပ်ကွက် ဘိုးရာဇာလမ်းနေ (ဦးသိန်း) –ဒေါ်သိန်းညွန့်၊ ညီမ ဒေါ်တင်ဦးတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်း၊ စစ်ကိုင်း–ဝါးချက် ကားလမ်းအတွက် အလှူငွေကျပ် တစ်သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပွဲကောက်ရေလှောင်တမံစီမံကိန်းနှင့် ဆင်လမ်းရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရေသလျှောက်ကုန်း ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်မည့် ပွဲကောက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၂) ညွှန်ကြားရေးမှူး ဦးအေးသိန်းက ပွဲကောက်ရေလှောင်တမံ တည်ဆောက်ရန် ဘူမိဗေဒမြေသားစစ်ဆေးပြီးစီးမှု၊ တမံအုကြောင်း အတည်ပြုရွေးချယ်ထားမှုနေရာနှင့် တမံတည်ဆောက်မည့်နေရာ၌ အောက်ခြေမြေသားစစ်ဆေးစမ်းသပ်မှု ပေ ၂၀၀ ကျော် ပြီးစီးသည့်အခြေအနေ၊ ရေသိုလှောင်ရရှိနိုင်မည့် အခြေအနေတို့ကို ပုံစံဒီဇိုင်းများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှုရပ်မှနေ၍ တမံ တည်ဆောက်မည့်နေရာနှင့် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရေလှောင်တမံ ပြီးစီးပါက စိုက်ပျိုးရေးအတွက် ရေပေးဝေမှုအပြင် ဖွံ့ဖြိုးစည်ပင်လာသော ပြင်ဦးလွင်မြို့အတွက် ရေဂါလန်သန်းပေါင်း ၁၈၀၀ သိုလှောင်ထိန်းသိမ်း ထားရှိနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာ မြောက်ဘက် နှစ်မိုင်ခွဲအကွာတွင် ၂၀၀၂–၂၀၀၃ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သော ဆင်လမ်းရေလှောင်တမံ၏ ရေဝင်မှုအခြေအနေနှင့် တမံထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းရေးတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပင်မတမံနှင့်ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆင်လမ်းရေလှောင်တမံသည် ရေဧကပေ ၅၆၀၀ ရေသိုလှောင်နိုင်၍ ပြင်ဦးလွင်မြို့သို့ သောက်သုံးရေဂါလန် ၂ ဒသမ ၅ သန်းခန့် ရေပေးပြီး ကန်တော်ကြီးသို့ ရေပေးမှု၊ တမံအောက်ပိုင်းရှိ စိုက်ခင်းလယ်ဧက ၅၀၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးမှုရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု အကျိုးပြုလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ပြင်ဦးလွင်မြို့နယ် ပွဲကောက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၂ ရက်က ကျိုက္ခမီမြို့ အထကကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံဖြူဇရပ်မြို့နယ်၌ အောင်ချက်အကောင်းဆုံး ပထမဆုရ ကျိုက္ခမီမြို့ အထက ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေးအား မြို့နယ်ပညာရေးမှူး (ငြိမ်း) ဦးခင်မောင်ဦးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇ မိုင် မေခလမ်းနေ (ဒုတိယဗိုလ်မှူးကြီး တင်မောင်ရင်)–ဒေါ်တင့်တင့်စောနှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၃၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးကိုကိုကြီး လက်ခံယူစဉ်။ (က–ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သားသမီးအပေါ် မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

“အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇”

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက် (စနေနေ့) (ပထမအကြိမ်)

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)

အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ဘုရားအနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် အောက်တိုဘာ ၂၇ရက် နံနက် ၉နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးမြို့နယ် ကက္ကူကျေးရွာအုပ်စု ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူ ဆုတောင်းပြည့် အသောကစေတီ ပရိဝုဏ်အတွင်းကျင်းပသော စေတီအမှတ် ဒီ-၂၃၁ ဘုရားအနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိ၊ ကျောက်တလုံးမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒက၊ အေးသာယာမြို့သစ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောသိယ၊ တောင်ကျောင်းကြီး ဆရာတော် ဘဒ္ဒန္တ ဝိဇယ၊ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏဝံသ၊ အေးစေတီဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ လက္ခဏသာမိ၊ မွေတော်ကက္ကူကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒတို့ အမှူးပြုသော ပင့်သံဃာ ၁၀ပါးတို့က စေတီတော်အမှတ် ဒီ-၂၃၁အား ဘုရားအနေကဇာတင် ပူဇော်ကြသည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် စေတီအမှတ် ဒီ-၂၃၁ မှာ ပြိုကျပျက်စီးနေသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် မိသားစုနှင့် ပအိုဝ်း အထူးဒေသ(၆) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီတို့ စုပေါင်းလှူဒါန်း ပြုပြင်သော စေတီဖြစ်သည်။

ဆက်လက်၍ ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားကို ဓမ္မာရုံအတွင်း၌ ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အေးသာယာမြို့သစ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသိယ ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်ကို ချီးမြှင့်တော်မူကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဦးအောင်ခမ်းထီတို့က သံဃာတော်များအား လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က မွေတော်ကက္ကူစေတီတော် ဘက်စုံပြုပြင်ရန်အတွက် ဝန်ကြီးဌာနက လှူဒါန်းသော ငွေကျပ် သိန်း ၄၀ကို လွှဲပြောင်းပေးအပ်ရာ ဦးအောင်ခမ်းထီက လက်ခံသည်။

ထို့နောက် အေးသာယာမြို့သစ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဦးအောင်ခမ်းထီတို့သည် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် မွေတော်ကက္ကူ စေတီတော် ဘက်စုံပြုပြင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော ငွေကျပ်သိန်း ၄၀ ကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်/ဆက် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၂ရက် ညနေ ၃နာရီက ခရိုင်ရုံး၏ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် အောက်တိုဘာ ၂၀ရက်နှင့် ၂၁ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော ဆောင်းပါးရှင် ချမ်းမြအေးရေးသားသည့် "မျှော်လင့်လျက်ပါ အန်တီစု(သို့) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုပါသည်"ဆောင်းပါးကို ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်မော်**(အောက်ပုံ)**နှင့် ဝန်ထမ်းများက ဖတ်ရှုကြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်က ထပ်ဆင့်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၀၇ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ခန္ဓာအစဉ် ဉာဏ်နဲ့ယှဉ်" တရားတော် (ဆရာတော် အရှင်ပညိန္ဒာဓိဝံသ)
၈း၀၀-၂း၀၀	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Sunday Talk
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅-၃း၂၅	ဆံကေသာအလှဖန်တီးမှုနှင့် စိတ်ကူးပုံရိပ်များ
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	စွမ်းရည်မြင့်မား လယ်ယာ(၁၆)လက်တွန်းထွန်စက်တာယာများ
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	Say It In English
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တိုးတက်လာသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ "ဗန္ဓုလသယ်ယူပို့ဆောင်ရေး"
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ပြန့်ပွားသာသနာ ဖြစ်တည်ရာ....
၁၁း၄၅-၅း၄၅	Music Gallery (မောင်မောင်ထိပ်-သူငယ်ချင်းချစ်သူ)
၁၂း၁၅-၆း၁၅	ထုပ်ပိုးအလှဆင် ပလတ်စတစ်ပက်ကင်
၁၂း၃၅-၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀	Shopping Guide (မြန်မာ့အလှ ကင်မရာစင်တာ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေ မြောက်ပိုင်းကို ချင်းနိုင်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

တံခွန်တိုင် ပညာဒါန အထူးတရားပွဲ

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်ပျဉ်းမနား ရန်အောင်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်တာရာလမ်းထောင့် မဟာဝိသုတာရာမ တံခွန်တိုင်ကျောင်းတိုက် ဓမ္မဘောဂီ ရွှေဗဟိုရ်စည် ဓမ္မဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ တရားတော်များ ဟောကြားမည်ဖြစ်ရာ သာသနဓဇ ဓမ္မာစရိယ M.A, Ph.D ဒေါက်တာ အရှင်သောပါကက နိုဝင်ဘာ ၁ရက်တွင်လည်းကောင်း၊ သာသနဓဇဓမ္မာစရိယ M.A,Ph.D ဒေါက်တာ အရှင်ဉာဏဂ္ဂက နိုဝင်ဘာ ၂ရက်တွင်လည်းကောင်း၊ သာသနဓဇ ဓမ္မာစရိယ M.A,Ph.D သီတဂူ ဒေါက်တာ အရှင်ကုန္ဒက က နိုဝင်ဘာ ၃ရက်တွင်လည်းကောင်း၊ သာသနဓဇ ဓမ္မာစရိယ M.A. Ph.D ဒေါက်တာ အရှင်ဝဏ္ဏသိရီက နိုဝင်ဘာ ၄ရက်တွင်လည်းကောင်း၊ ဓမ္မာစရိယ M.A ရှင်ကုသလက နိုဝင်ဘာ ၅ရက်တွင် လည်းကောင်း ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် ကောဒသမအကြိမ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၀၇ ခုနှစ် ကောဒသမအကြိမ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနလေးခုတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အကျဉ်းဦးစီးဌာနအသင်းနှင့် အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့၏ တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အကျဉ်းဦးစီးဌာနအသင်းတို့၏ တစ်ဦးချင်းဆုများကို ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက လည်းကောင်း ချီးမြှင့်သည်။

ထို့နောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အကျဉ်းဦးစီးဌာနအသင်းတို့အား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက တံခွန်စိုက်ဒိုင်းဆုများချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ဇနိတာရာမ ဓမ္မရိပ်သာကျောင်းတိုက် တရားစခန်းပွဲများ ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမ ဓမ္မရိပ်သာကျောင်းတိုက်၌ တရားစခန်းပွဲများကို နိုဝင်ဘာ ၄ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တရားစခန်းဝင် ယောဂီများသည် ယောဂီဝတ်စုံနှင့် နိုင်ငံသားစိစစ်ရေးကတ် မူရင်းတို့ကို ယူဆောင်လာကြရန်နှင့် တရားစခန်းဝင်မည့် သံဃာအသစ်နှင့် ယောဂီအသစ်များလက်ခံခြင်း ယာယီပိတ်ထားကြောင်းနှင့် တရားစခန်းဝင်မည့် ယောဂီများသည် ဖုန်း-၀၁-၅၄၅၄၇၇နှင့် ၀၁-၅၄၆၆၈၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ် အသက်(၈၀)နှင့် အထက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ကျင်းပလျက်ရှိရာ ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် သက်ကြီးစာပေပညာရှင် ၁၂၀တို့အား ပူဇော်ကန်တော့ရန် စီစဉ်လျက်ရှိသည်။

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဖုန်း-၂၅၂၄၁၇၊ ၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တရုတ်နိုင်ငံဟောင်ကောင်ကျွန်းရှိ စာအုပ်အရောင်းဆိုင်တစ်ဆိုင်ကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ရေရှားပါးသည့်ပြဿနာ ဂျော်ဒန် ရင်ဆိုင်နေရ ရေခွဲဝေသုံးစွဲမှုစနစ် ချမှတ်ကျင့်သုံးမည်

အမ္မန် အောက်တိုဘာ ၂၉

ရေရှားပါးသည့်ပြဿနာကို ပိုမိုရင်ဆိုင်လာနေရသော ဂျော်ဒန်နိုင်ငံသည် ရေခွဲဝေသုံးစွဲမှုစနစ် ချမှတ်ကျင့်သုံးရန် လေ့လာလျက်ရှိကြောင်း ဂျော်ဒန်တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။

ဂျော်ဒန်နိုင်ငံတွင် ရေရှားပါးသည့်ပြဿနာကို ဖြေရှင်းနိုင်ရန် နည်းပညာသစ်များ သုံးစွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ဂျော်ဒန် ရေနှင့်ဆည်မြောင်းဝန်ကြီး မိုဟာမက် ရှတ်နာဝီက နီးနှောဖလှယ်ပွဲတွင် ပြောကြားသည်။ ဂျော်ဒန်နိုင်ငံ မြို့တော်အမ္မန်တွင် ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ ပြည်တွင်းနှင့် ပြည်ပမှ ရေကျွမ်းကျင်သူပညာရှင် ၇၀ ကျော် တက်ရောက်ဆွေးနွေးကြသည်။ ဂျော်ဒန်နိုင်ငံသည် ရေရှားပါးသည့်ပြဿနာကို ဖြေရှင်းနိုင်ရန် ရေစီမံခန့်ခွဲရေးနှင့်ခွဲဝေသုံးစွဲခြင်းဆိုင်ရာ မဟာဗျူဟာများကို ချမှတ်ကျင့်သုံးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ချမှတ်ဆောင်ရွက်

ဂျော်ဒန်နိုင်ငံတွင် ရေရရှိရေးကို အကြောင်းပြု၍ ပဋိပက္ခများဖြစ်ပေါ်မလာစေရေးအတွက်လည်းကောင်း၊ ရေသည် ရှားပါးသည့် အရင်းအမြစ်တစ်ရပ်ဖြစ်သည်ကို အများပြည်သူတို့ သိရှိနားလည်စေရန်လည်းကောင်း မိမိတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေပြဿနာဖြေရှင်းနိုင်ရေး မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

မျှဝေ

ဂျော်ဒန်နိုင်ငံသည် မြေပေါ်ရေကို ဆီးရီးယား၊ ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အစ္စရေးနိုင်ငံတို့နှင့်အတူ မျှဝေသုံးစွဲနေရသည်။ မြေအောက်ရေအရင်းအမြစ်များကိုမူ ဆော်ဒီအာရေဗျနှင့် ဆီးရီးယားနိုင်ငံတို့နှင့် မျှဝေပိုင်ဆိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်-အာဆီယံ ပင်လယ်ရေကြောင်းကုန်သွယ်မှု ၂၀၀၆ခုနှစ်၌ ဒေါ်လာဘီလီယံ ၁၀၀ဖိုးရှိ

နန်နင်း အောက်တိုဘာ ၂၉

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နိုင်ငံများအကြား မိတ်ဆွေရင်းချာ ပူးပေါင်းဆက်ဆံရေးတွင် ဆိပ်ကမ်းများနှင့် ရေကြောင်းကုန်သွယ်ရေးသင်္ဘောများသည် အရေးပါသောကဏ္ဍမှ ပါဝင်နေသည်ဟု တရုတ်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး လီရှန်လင်းက အောက်တိုဘာ ၂၈ရက်တွင် ပြောကြားသည်။

ကုန်စည်သယ်ဆောင်ကိုင်တွယ်သည့်လုပ်ငန်းတွင် တရုတ်နှင့် အာဆီယံနိုင်ငံများရှိဆိပ်ကမ်းများနှင့် သင်္ဘောများက ၂၀၀၆ခုနှစ်တစ်နှစ်တည်း၌ပင်ဝန်ဆောင်မှုပေးခဲ့သော ကုန်စည်တန်ဖိုးပမာဏစုစုပေါင်းသည် အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ရှိသည်ဟု လီကဆိပ်ကမ်းဆိုင်ရာဖွံ့ဖြိုးမှုဖိုရမ် အစည်းအဝေးတွင် ပြောကြားသည်။

တရုတ်နှင့်အာဆီယံအသင်းဝင်နိုင်ငံများ၏ အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးသည် ၂၀၀၆ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၀ ဒသမ ၈ဘီလီယံအထိ ရောက်ရှိခဲ့သည်။ ၁၉၉၁ခုနှစ် ကုန်သွယ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက အဆ ၂၀ တိုးတက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ရေကြောင်းကုန်သွယ် သင်္ဘောဆိုင်ရာစာချုပ်ကို ဗီယက်နမ်၊စင်ကာပူ၊မလေးရှား၊ထိုင်းတို့အပြင် အင်ဒိုနီးရှားနိုင်ငံတို့နှင့်ပါ ချုပ်ဆိုထားသည်။ တရုတ်နှင့်အာဆီယံအသင်းဝင်နိုင်ငံများမှသယ်ယူပို့ဆောင်ရေး ဝန်ကြီးများ၏အစည်းအဝေးကို စင်ကာပူနိုင်ငံ၌ နိုဝင်ဘာလ အစောပိုင်း၌ ကျင်းပသွားရန်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။ နိုင်ငံစုံတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၅ ရက်က သံချပ်ကာယာဉ်ဖျက်သည့် အီးအက်ဖ်ပီဗုံးဖြင့် တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အီးအက်ဖ်ပီဗုံးများမှာ ဒုတိယကမ္ဘာစစ်ကာလအတွင်းက အသုံးပြုသော ဗုံးအမျိုးအစားဖြစ်သည်။ ယင်းဗုံးသည် သံချပ်ကာယာဉ်ကို ထိရောက်စွာဖောက်ထွင်းဖျက်ဆီးနိုင်စေရန် ဖန်တီးထားသော လက်နက်ဖြစ်သည်။ အဆိုပါ ဗုံးအမျိုးအစားများကို အီရန်နိုင်ငံက ရှီးယိုက်စစ်သွေးကြွများကို ထောက်ပံ့နေသည်ဟု အမေရိကန်တို့က စွပ်စွဲထားသော်လည်း အီရန်က ငြင်းဆိုသည်။

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှစ၍ ယနေ့အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၃၅ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်တွင် တိုက်ခိုက် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူး အောက်တိုဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား တိုက်ခိုက်မှုဖြစ်ပွားရာ နိုင်ငံခြားသားတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးရကြောင်း နေတိုးစစ်ဘက်၏ အောက်တိုဘာ ၂၆ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တိုက်ခိုက်

စစ်သွေးကြွများက ဒုံးပစ်လောင်ချာများနှင့် လက်နက်ငယ်များအသုံးပြု၍ ပူးတွဲကင်းလှည့်အဖွဲ့ကို ပါကစ္စတန်နယ်စပ်အနီး ကူနာဒေသ၌ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကြောင့် အပြည်ပြည်ဆိုင်ရာ လုံခြုံမှုအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့က သေဆုံးသွားသော တပ်ဖွဲ့ဝင်များ၏ နိုင်ငံနှင့် အမည်များကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော် ယင်းဒေသ၌ လှုပ်ရှားနေသော အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်တပ်ဖွဲ့များဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ဖိနပ်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို အောက်တိုဘာ ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့၌ တောမီးလောင်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံအချို့ကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွား

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နယ်ခြားပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ ကြာသပတေးနေ့က အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သည်။

အနောက်မြောက်နယ်ခြားပြည်နယ် ဆွက်တောင်ကြားလမ်းပေါ် အေယွတ်တံတားအနီး အသစ်ဖွင့်လှစ်ထားသော စစ်ဆေးရေးစခန်းကို ဗုံးခွဲတိုက်ခိုက်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ကြောင်း သတင်းတွင်ဖော်ပြသည်။ သေဆုံးသည့်ဦးရေကိုမူ မသိရပေ။ ပါကစ္စတန်အစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင် ၂၅၀၀ ခန့်ကို ဆွက်တောင်ကြားဒေသ၌ ဖြန့်ကြက်ထားသည်။ ဒေသခံအရပ်သားများ တိုက်ခိုက်မခံရရေးအတွက် လုံခြုံရေးတပ်ဖွဲ့က စစ်ဆေးရေးစခန်းသစ်ကို ဖွင့်လှစ်ခဲ့သည်။

ဝါဇီရစ္စတန်ပြည်နယ်ရှိ စစ်သွေးကြွများက ပါကစ္စတန်အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီချက် ပျက်ပြားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုးမြှင့်တိုက်ခိုက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

ဗန်ကောက် အောက်တိုဘာ ၂၉

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် သောကြာနေ့ နံနက်က ရထားသံလမ်းဘေးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကင်းလှည့်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းတပ်ဖွဲ့ဝင်များက ချိုအိရွှန်းခရိုင်တွင် ကင်းလှည့်လာစဉ် အဝေးထိန်းစနစ်သုံး ဗုံးတစ်လုံး ပေါက်ကွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အလေးချိန် ငါးကီလိုဂရမ်ရှိဗုံးကို သံဘူးတစ်လုံးအတွင်း သို့ဝှက်ထားပြီး မြက်ဖြင့် ဖုံးအုပ်ထားကာ အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

မယ်ဒလင်အတီးပြိုင်ပွဲ ကြည့်ရှုအားပေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မသော်သော်ဦး ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

❃ **(၁၅)ကြိမ်မြောက်မှ**

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာများမှ ကျောင်းသားကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ပြည်သူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

အကဲဖြတ် အမှတ်ပေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ခေတ်ဟောင်း၊ ကာလပေါ် တေး အဆိုပြိုင်ပွဲများကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၌ ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) (အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြနှင့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ခေတ်ဟောင်းကာလပေါ်တေး အကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဂီတပညာရှင် ဦးမင်းနောင်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း ကာလပေါ်တေးသီချင်း အဆိုပြိုင်ပွဲတွင် ဣန္ဒာဆွေ ရေးသားသီကုံးစပ်ဆိုပြီး စန္ဒရားခွန်တင်ကြွယ် သီဆိုသည့် **"အမတမျိုးစေ့"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်အောင်ကျော်မျိုးနှင့် မောင်အောင်မင်းသူ၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင့်အောင်၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ ရှမ်းပြည်နယ်မှ မောင်ဇော်ထက်၊ ပဲခူးတိုင်းမှ မောင်တေဇာအောင်၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်၊ ရခိုင်ပြည်နယ်မှ မောင်တင်စိုးလှိုင်၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏအောင်၊ ကချင်ပြည်နယ်မှ မောင်ဇင်မင်းအောင်၊ ဧရာဝတီတိုင်းမှ မောင်ဇော်မင်းအောင်နှင့် မန္တလေးတိုင်းမှ မောင်ဇေမင်းထွန်းတို့ ပါဝင်သီဆို ပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ခေတ်ဟောင်းကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကိုရဲအောင် ရေးသားသီကုံးစပ်ဆိုပြီး "ထား" သီဆိုထားသည့် **"မယ်ရွေးလို့ ဆင်ပါ့မယ်"** တေးသီချင်းဖြင့် ရခိုင်ပြည်နယ်မှ မမေသူလွင်၊ ကရင်ပြည်နယ်မှ မယွန်းဝတီ၊ မန္တလေးတိုင်းမှ မသက်ထားခင်၊ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ ပဲခူးတိုင်းမှ မနွယ်နီထွန်း၊ ကချင်ပြည်နယ်မှ မဝင်းနန္ဒာ၊ မန္တလေးတိုင်းမှ မမိုးမခ၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ဧရာဝတီတိုင်းမှ မသန္တာ၊ မွန်ပြည်နယ်မှ မမေသဇင်၊ ရန်ကုန်တိုင်းမှ မမေသဒ္ဒါ၊ စစ်ကိုင်းတိုင်းမှ မစုဝေဝေလွင်နှင့် ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ကွက်စိပ်ပြိုင်ပွဲတွင် ညီတော်မင်းနန်ချွတ်ခန်းဇာတ်တော်ကို ဧရာဝတီတိုင်းမှ ဦးမြအေး၊ စစ်ကိုင်းတိုင်းမှ တက်ခေတ်လင်းနိုင်၊ ရှမ်းပြည်နယ်မှ ဦးစိုင်းမျိုးအောင်၊ မကွေးတိုင်းမှ ဦးခင်သန်း၊ ရန်ကုန်တိုင်းမှ ဦးနိုးတူး(ခေါ်)စန်းမြင့်နှင့် စစ်ကိုင်းတိုင်းမှ တက်ခေတ်ဦးသန်းစိန်တို့ ဟောပြောပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ သစ်တောသုတေသနဌာန (စုဝေးခန်းမ)၌ ကျင်းပရာ မယ်ဒလင်အတီး အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမောင်မှိုနှင့် အတီးအကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) မယ်ဒလင်အတီး ပြိုင်ပွဲတွင် **"စိန်ကြောင်နီလာ"**(ပတ်ပျိုး) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဦးစန်းထွေး၊ ရန်ကုန်တိုင်းမှ ဦးကြည်ရွှေ၊ စစ်ကိုင်းတိုင်းမှ ဦးကျော်၊ မန္တလေးတိုင်းမှ ဦးအေးနှင့် ဦးကျော်မြင့်၊ ပဲခူးတိုင်းမှ ဦးမင်းဇော်၊ ဧရာဝတီတိုင်းမှ ဦးစိုးမောင် (ခေါ်) ဦးဉာဏ်ဝင်းမောင်နှင့် ရန်ကုန်တိုင်းမှ ဦးတင်ဝင်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲကို ကျင်းပရာ **"အောင်မြေမြမန်း"**(ပတ်ပျိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မဥမ္မာကျော်၊ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲတွင် **"မင်္ဂလာဆယ့်နှစ်ပါး"** (ကာလပေါ်) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ မန္တလေးတိုင်းမှ မောင်ကျော်ထွန်းဝင်း၊ မကွေးတိုင်းမှ မောင်လှိုင်မိုး၊ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်နှင့် ရခိုင်ပြည်နယ်မှ မောင်အောင်နိုင်ဝင်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် **"သည်ဆောင်းဟေမာန်"**(ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မဟန်နီဝေယံထွန်း၊ ရန်ကုန်တိုင်းမှ မသော်သော်ဦးနှင့် ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ပတ္တလား

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ပတ္တလား အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်း တက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေး တက္ကသိုလ်(စာသင်ခန်းမ)၌ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ပတ္တလား အတီးအကဲဖြတ် ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဦးခင်လှနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသမီး)ပတ္တလား အတီး ပြိုင်ပွဲတွင် **"ခိုင်ပန်းစုံ"** (ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မမြတ်ဆုနိုင်(ခေါ်) ဖြူစင်ဖွေး၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်ဆွေမွန်၊ မန္တလေးတိုင်းမှ ဒို့ဗိုလ်လှ(ခေါ်) အေးသန္တာ၊ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေးနှင့် ပဲခူးတိုင်းမှ မစုစုလှိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်မှုလုပ်ငန်းများအတွက် အောက်တိုဘာ ၂၇ ရက်က အလှူရှင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးလတ်သူရ-ဒေါ်အိအိဝင်း၊ သား လင်းထက်သူရ မိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။

(၃၀၇)

ခြောက်နိုင်ငံ လက်ရည်စမ်း လက်ဝှေ့ပြိုင်ပွဲသို့ ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် အောက်တိုဘာ ၂၉

နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ခြောက်နိုင်ငံ လက်ရည်စမ်း လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့အားကစားအဖွဲ့ဝင်များအား အမှာစကားပြောကြားခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစန်းမြင့်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး မြန်မာလက်ဝှေ့ အားကစားအဖွဲ့ဝင်များအား တစ်ဦးချင်းနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) ပတ္တလား အတီး ပြိုင်ပွဲတွင် **"ဟေမာန်ပွေဟန်"**(ပတ်ပျိုး) သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်ဇော်တင့်လင်း၊ မန္တလေးတိုင်းမှ မောင်သက်နိုင်၊ ရန်ကုန်တိုင်းမှ မောင်စောနောင်၊ မန္တလေးတိုင်းမှ မောင်ဗိုလ်ဗိုလ်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်၊ ရှမ်းပြည်နယ်မှ မောင်ခန့်ဝင်း၊ ကချင်ပြည်နယ်မှ မောင်ဝေယံပိုင်၊ မကွေးတိုင်းမှ မောင်အောင်ကိုကို၊ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူ၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်၊ ပဲခူးတိုင်းမှ မောင်ဇော်ဝင်းနိုင်နှင့် ဧရာဝတီတိုင်းမှ မောင်ထူးကိုလွင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

နှဲပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ နှဲပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ ကျင်းပရာ နှဲအကဲဖြတ် အမှတ်ပေး ပညာရှင်များအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစဘငွေးနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) နှဲပြိုင်ပွဲတွင် **"လေပြေဆော်သွင်းမြူး"**(မြင်းတက်ယိုးဒယား)ဖြင့် စစ်ကိုင်းတိုင်းမှ ဦးဝင်းမင်းသန်း၊ မန္တလေးတိုင်းမှ ဦးထွန်းထွန်းဝင်း၊ ရန်ကုန်တိုင်းမှ တပ်ကြပ်ကြီးမြင့်အောင်၊ မန္တလေးတိုင်းမှ ဦးစည်သူမျိုး၊ မွန်ပြည်နယ်မှ မြန်မာပြည်မိုးလျှံ၊ ရခိုင်ပြည်နယ်မှ ဦးဝင်းမောင်မောင်စိန်၊ မကွေးတိုင်းမှ ဦးမင်းဆွေ၊ ရန်ကုန်တိုင်းမှ ဦးမျိုးမင်းသန်း၊ ပဲခူးတိုင်းမှ ဦးတင်မြင့်(ခ)ဖေယျမြင့်နှင့် ဧရာဝတီတိုင်းမှ ဦးကြည်စိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် နှဲပြိုင်ပွဲတွင် **"ဇမ္ဗူတောင်ညာ"**(ပတ်ပျိုး)ဖြင့် ဧရာဝတီတိုင်းမှ မောင်ဖြိုးဝေမင်းကျော်နှင့် မန္တလေးတိုင်းမှ မောင်စိုးမင်းသူတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့်(ပထမတန်း) နှဲပြိုင်ပွဲတွင် **"အောင်မြေသာစံ"** (ပတ်ပျိုး)ဖြင့် ရန်ကုန်တိုင်းမှ ဦးလှငွေး၊ မန္တလေးတိုင်းမှ ဦးစန်းလွင်၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရင်၊ ရန်ကုန်တိုင်းမှ ဦးစိန်မောင်အိနှင့် မန္တလေးတိုင်းမှ ဦးတာနောတို့ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

အလင်္ကာပွဲဦး

* ဒို့ ဆိုကြမည်...မြန်မာသံ
မြန်မာ့ဟန်နဲ့ ဒို့ , က။
သုခုမ ဂန္ထဝင်
စံတင်ကာ လက်ဆင့်ကမ်း
တင့်ရှန်း...အလှ။

* အနှစ်ဖွဲ့ ရိုးရာယှဉ်
တိုးတက် အမြင်နဲ့ ခေတ်ရေစီး။
မြန်မာ့ ဈာန်ဝင်
မြန်မာ့ ဟန်ယှဉ်
မြန်မာ့ အသံ နားဝင်သာဖို့
ထံ တျာ ယှဉ် ချိုမြအေး
ဆို...က...ရေး...တီး...။

* လက်ဆင့်ကမ်း "အမွေ"
ဖြန့်ပေးဝေ ဒို့ စောင့်ရှောက်။
အမျိုးဂုဏ်ကို မပျက်
အမျိုးဂုဏ်ကို မဖျက်
အရိုးကို အရွက် မလွှမ်းရအောင်
ကြိုးပမ်း တည်ဆောက်။

ခြိမ့်နိုင်

အမျိုးသားရေးအားမာန်ကိုဖော်ညွှန်းသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

ခြင်ကျား (မအူပင်)

ကမ္ဘာ့ဖြစ်စဉ်ပြောင်းလဲမှုအလျဉ်ကြောင့် နိုင်ငံတကာတွင် နိုင်ငံအချို့သည် မိမိတို့ရိုးရာယဉ်ကျေးမှုများကို ကမ္ဘာမှုပြုခြင်းမခံရစေရန် ထိန်းသိမ်း စောင့်ရှောက်၊ ဖော်ထုတ်မြှင့်တင်နေသည်ကို တွေ့မြင်နေရပေသည်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာသည် မောင်နှင့် နှမ၊ သားနှင့်အမိ ယှဉ်တွဲကြည့်ရှု၍ သင့်လျော်သော ဟီရိဩတ္တပ္ပ တရားနှင့်ပြည့်စုံသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။

မြန်မာ့ရိုးရာအဆို၊အက၊အရေး၊အတီးပညာသည် တကောင်းခေတ် မတိုင်မီ သရေခေတ္တရာခေတ်ကပင်

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

အဆင့်အတန်းမြင့်မားစွာ တည်ရှိနေပေသည်။ တရုတ်တို့၏မှတ်တမ်းတွင် အေဒီ–၈၇ ခုနှစ်က မြန်မာယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့ တရုတ်ပြည်သို့ လာရောက်ကြောင်း ဖော်ပြထားရာ တိုင်းတစ်ပါးသို့ပင် စေလွှတ်နိုင်လောက်အောင် အဆင့်အတန်းမြင့်မားသော သရေခေတ္တရာခေတ် ယဉ်ကျေးမှုကို ခန့်မှန်းနိုင်ပါသည်။ ၈ ရာစုနှစ်က တရုတ်တို့၏မှတ်တမ်း၌ ပျူယဉ်ကျေးမှုအဖွဲ့သားတို့သည်အတီးအမှုတ်ကိုလိုက်၍ နှစ်ယောက်တွဲ၊ လေးယောက်၊ ခြောက်ယောက်၊ ရှစ်ယောက်တွဲအကများတင်ဆက်ခဲ့သည်ဟုပါရှိခြင်း၊ သရေခေတ္တရာခေတ်ရေးထိုးသော ကျောက်ဆစ်ရုပ်များ၌ အတွဲလိုက် ယိမ်းကပာန်များ တွေ့ရခြင်းတို့ကြောင့် သရေခေတ္တရာခေတ်၌ပင် မြန်မာ့ အဆို၊အက၊အရေး၊ အတီး ပညာ ထွန်းကားခဲ့ပြီးဟု ဆိုရပေသည်။

သထုံ၊ ပဲခူးမြို့ပတ်ဝန်းကျင်မှတူးဖော်ရရှိသော စဉ့်ကွင်းများတွင် မြင်တွေ့ရသော ကကြိုးကပာန်များအရ သရေခေတ္တရာတွင် စုံတွဲအကများ ထွန်းကားနေစဉ် သထုံ၊ ပဲခူးစသော မွန်တို့ဒေသများတွင် အရုပ်သူအရုပ်သားတို့သီဆို၊ တီးမှုတ်ကခုန်ကြသော ဒိုးပတ်အကများ ထွန်းကားနေပြီဟုသိရပေသည်။

အေဒီ–၉ရာစုကစတင်သော ပုဂံခေတ်တွင် မွန်နှင့် ပျူအနုပညာများ ရောယှက်၍ ပုဂံခေတ် အဆို၊ အက၊ အရေး၊ အတီးပညာ စည်ပင်ဖွံ့ဖြိုး တိုးတက်မြင့်မားလာခဲ့သည်။ ပုဂံခေတ်ကျောက်စာများတွင် အကပညာရှင်၊ တူရိယာပညာရှင်၊ တူရိယာပစ္စည်းများ၏အမည်များ ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ ပုဂံခေတ်ရေးထိုးသော ဘုရား၊ ပုထိုးများ၌ တွေ့ရသည့်နံရံဆေးရေးပန်းချီ၊ ပန်းပု၊ အုတ်ခွက်စသည်တို့တွင် ကခုန်၊ တီးမှုတ်နေသောရုပ်ပုံများကို တွေ့ရလေသည်။ အနောက်ဘက်လွန်မင်း၏ ဆရာတော်တောင်ဖီလာပုဂ္ဂိုလ်ကျော်ရေးသားခဲ့သော ဓမ္မရာဇကဘုရား ကောင်းမှုတော်နံရံရှိ **“ဖော်စုံမြူး၍ချီ”** လင်္ကာပိုဒ်တွင် **“ပူးလာကြ၍၊ သံမြသာလေး၊သီကြွေးငြင်းစောင်း၊ မိကျောင်းစည်းဆုပ်၊ လက်ခုပ်အညီ၊ ကချင်းသီ၍၊ ရှုအီဘွယ်ရာအာကာကွန့်မြူး”**ဟု ပါရှိရာ ပုဂံခေတ်တွင် တီးမှုတ်သည့် ကိရိယာများပေါ်ပေါက်နေကြောင်း သိရလေသည်။

သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲတွင် မန္တလေးတိုင်း ကိုယ်စားပြု ဝင်းနောင်နှင့်အဖွဲ့ ကပြဖျော်ဖြေယှဉ်ပြိုင်စဉ်။

မြင်စိုင်း ပင်းယခေတ်တွင် ဘုရင်မင်းများ၊ မင်းညီမင်းသားများ ကိုယ်တိုင် အဆို၊ အက၊ အရေး၊ အတီးပညာကို လေ့လာလိုက်စားခဲ့ကြကြောင်း သိရသည်။

ညောင်ရမ်းခေတ်တွင် အဆို၊အတီး၊အက ပညာများပါဝင်သော ပြဇာတ်၊နတ်ချင်းများပေါ်ပေါက်လာခဲ့၍ ကပာန်မျိုးစုံကိုလည်း ပြုပြင်သတ်မှတ် ဆန်းသစ်စွာကခုန်လာခဲ့သည်ဟု ဆိုပေသည်။

ကုန်းဘောင်ခေတ်သို့ ရောက်ရှိလာသောအခါ မြန်မာ့အနုသုခုမ ပညာဖြစ်သော အဆို၊အက၊ အရေး၊ အတီး ပညာသည် ခက်လက်ဖြာထွေ၊ သီးပွင့်ဝေလျက်တိုးတက်စည်ပင်ဖွံ့ဖြိုးလာခဲ့ပါသည်။ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၏ အရှိန်အဟုန်အတိုင်း မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် မျက်မှောက် ကာလတိုင် အရှည်ခံ့တည်တံ့လာခဲ့သည်။

“စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်” ပြဇာတ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှကိုယ်စားပြု ဆန်းကိုနှင့်အဖွဲ့ ယှဉ်ပြိုင်ကပြ ဖျော်ဖြေစဉ်။

မြန်မာ့ရိုးရာ အဆို၊အက၊အရေး၊အတီး ပညာသည် ခိုင်မာသော သမိုင်းကြောင်းနှင့် ဖြစ်တည်လာခဲ့သည့်အပြင် ဖြစ်ပေါ်တိုးတက်လာခဲ့သော သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့မူဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ စရိုက်များနှင့်မကွဲမပြား အမြဲထင်ဟပ်နေသော ထူးခြားသည့် ဝိသေသရှိခဲ့ပေသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုရှိခဲ့သော်လည်း တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းကို မခံခဲ့ဘဲ နှောင်းခေတ်ပိုင်းရောက်မှသာ လက်ခံသင့်သောအပိုင်းကို မြန်မာမှုပြုပြီး မြန်မာ့ဂီတ နယ်ပယ်ကို ချဲ့ထွင်နိုင်သော အစဉ်အလာကောင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

မောင်နှင့်မယ် စုံတွဲကပြရာတွင် မြန်မာတို့၏ ဟီရိဩတ္တပ္ပတရားကို ငဲ့ညှာကြရသောကြောင့် ဇာတ်ကွက် ဇာတ်လမ်းကို ပီပြင်စွာပြသနိုင်ရန် အရုပ်များဖြင့်အစားထိုးကပြခြင်းဖြင့် **“မြန်မာ့ရုပ်သေးပညာ စတင်ပေါ်ပေါက်လာရသည်”** ဟု မြန်မာ့အနုသုခုမ သုတေသီတို့က ဖွင့်ဆိုခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ချစ်ဦးမောင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၁၉၉၃ ခုနှစ်မှစ၍ ပြိုင်ပွဲအကြိုကာလများတွင် အနုပညာရှင်ကြီးများကို ပြည်နယ်၊ တိုင်းများသို့ စေလွှတ်၍ ယဉ်ကျေးမှု မျိုးဆက်သစ်များ မွေးထုတ်ပေးခဲ့သဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသည် ပြည်ထောင်စုပွဲအသွင် အမျိုးသားရေးအလှုဆင်လျက်ရှိသည်။

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပညာသမိုင်းတွင် ယောကျ်ားမင်းသမီး၊ မိန်းမမင်းသားများ ပေါ်ပေါက်လာခြင်းသည်လည်း မြန်မာတို့၏ ဟီရိသြတ္တပ္ပတရားကိုအခြေခံသည့် လူမှုနှန်းစံအား ဖော်ပြလျက်ရှိသည်။

နယ်ချဲ့ခေတ်၌ အနောက်တိုင်းယဉ်ကျေးမှုများကို ထိုးဖောက်၍ မြန်မာ့သဘင်ပညာဖြင့် ယဉ်ကျေးမှုကတုတ်ကို ခိုင်မာအောင်တည်ဆောက်သော မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ မြောက်မြားစွာ ပေါ်ပေါက်ခဲ့၏။ ထိုပုဂ္ဂိုလ်များထဲ၌ ယောကျ်ားမင်းသမီး **"အောင်ဗလ"**သည် လည်း တစ်ဦးအပါအဝင်ဖြစ်သည်။

အောင်ဗလ၏ဆရာမှာ ရွှေရင်ဆို့ ဆရာဖောင်ဖြစ်၏။ ရွှေရင်ဆို့ဆရာဖောင်သည် သီပေါမင်းပါတော်မူပြီးနောက် နယ်လှည့်၍ ကပြနေသော နန်းတွင်းစင်တော် ယောကျ်ားမင်းသမီးတစ်ဦးဖြစ်သည်။ အောင်ဗလက ဆရာဖောင်ထံတွင် ဇာတ်ပြောပညာကိုသင်ယူ၍ ရုပ်သေးကြိုးဆွဲဆရာ ဦးတောင်ရိုးထံတွင် အကပညာသင်ကာ မထွေးလေးထံ တပည့်ခံခဲ့သည်။ မထွေးလေးက အောင်ဗလကို မင်းသမီးတို့တတ်အပ်သော လွမ်း၊ ပိုး၊ မျှော်၊ ခေါ်၊ တား၊ ပိုက်၊ ဇော်ဟူသောပညာများကို သင်ပေးခဲ့သည်။

ယောကျ်ားမင်းသမီးဆို၍ မိန်းမလျာမျိုးမဟုတ်၊ အောင်ဗလသည် ဇာတ်ခွင်ပြင်ပ၌တွေ့လျှင် ယောကျ်ား ပီသခံ့ညားသူတစ်ဦးဖြစ်ပါ၏။ ဇာတ်စင်ထက်ရောက်လျှင် မိန်းမမင်းသမီးပင်အရှုံးပေးရသည်အထိ မင်းသမီး မှင်မောင်းကောင်းသူဖြစ်ပေသည်။

ငယ်စဉ်က စာရေးသူတို့ဒေသ၏ အရပ်ဇာတ်များ၌ မိန်းမမင်းသားနှစ်ဦးကြုံဖူး၏။ **"ကုလားမညွန့်စိန်နှင့် ချာတိတ်စိန်"**ဟူသော မိန်းမမင်းသားနှစ်ဦးဖြစ်၏။ ကုလားမညွန့်စိန်သည် အောင်မင်္ဂလာအောင်ညွန့်စိန်အမည်ဖြင့် ရုံပွဲများသွင်းသည်အထိ နာမည်ကျော်ကြားလူသိများခဲ့လေသည်။ ကုလားမညွန့်စိန်သည်အိုမင်းလာသောအခါ ဒေသရှိ စည်တော်ပွဲများတွင် ထိုင်ဆိုအဖြစ်ပါဝင်ခဲ့သည်။ ထို့နောက် ဒေသတွင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ယဉ်ကျေးမှုအမွေကျေပွန်စွာပေးပြီးနောက် မထင်မရှားကွယ်လွန်သွားခဲ့ရှာပါသည်။

ကမ္ဘာတွင် မြန်မာဟူ၍ပေါ်ပေါက်ခဲ့သော နှစ်ပေါင်း၂၀၀၀ကျော်မှ ယနေ့တိုင် မြန်မာ့ရိုးရာအဆို၊အက၊ အရေး၊အတီးပညာသည် ပင်ကိုဗီဇမပျက်မယွင်း တည်ရှိနေခဲ့ခြင်းမှာ မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာရှင်တို့၏ စွမ်းအားကြောင့်ပင်ဖြစ်သည်။ သို့သော် မျက်မှောက်ကာလတွင် ပေါ်ပေါက်လာသော ကိုလိုနီစရိုက်သည် "Globalization" **အလျဉ်နှင့်အတူ ယဉ်ကျေးမှုကျွန်ပြုမှုများ ပေါ်ပေါက်လာရာ ထိုအန္တရာယ်ကို အမျိုးသားရေးအမြင်ဖြင့်၊ အမျိုးသားရေးအင်အားဖြင့် ကာကွယ်ရန် လိုအပ်လာပါသည်။**

ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့လျှင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့် ယဉ်ကျေးမှုစံနှုန်းများကို ထိန်းသိမ်းရန်လစ်ဟင်းခဲ့လျှင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးနိုင်ရန် ပျက်ကွက်ခဲ့လျှင်၊ မြန်မာတို့၏အမျိုးသားရေး စရိုက်လက္ခဏာ အသွင်အပြင်များကို မပျောက်ပျက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့လျှင် အစဉ်အလာကြီးမားသော မြန်မာတို့၏အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် အမျိုးသားရေးစိတ်ဓာတ်များသည် မေးမှိန်ပျောက်ကွယ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်ပါသည်။ သည်အခြေအနေများကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်ကဦးဆောင်ပြီး ၁၉၉၃ခုနှစ်မှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကို မြန်မာတို့၏ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မြန်မာ့လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပြီး အစဉ်ထာဝရတည်တံ့ အဓွန့်ရှည်ခိုင်မြဲစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပလာသည်မှာ (၁၅)ကြိမ်အထိ ပေါက်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ၁၉၉၉ ခုနှစ်မှစ၍ ပြိုင်ပွဲ အကြိုကာလများတွင် အနုပညာရှင်ကြီးများကို ပြည်နယ်၊ တိုင်းများသို့ စေလွှတ်၍ ယဉ်ကျေးမှု မျိုးဆက်သစ်များ မွေးထုတ်ပေးခဲ့သဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသည် ပြည်ထောင်စုပွဲအသွင် အမျိုးသားရေးအလှဆင်လျက်ရှိသည်ကို တွေ့မြင်နေရကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

သတိပေးနှိုးဆော်ချက်

နေပြည်တော် လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ရှမ်းပြည်နယ်(တောင်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ရှမ်းပြည်နယ်(တောင်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၃ရက် နံနက် ၉နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယတိုင်းမှူးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်နှင့် ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရဲမှူးကြီးခမ်းအောင်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဆောင်ရွက်မှုအခြေအနေများ၊ မူးယစ်ဗဟိုအဖွဲ့ ဖွဲ့စည်းပုံနှင့် တာဝန်များ၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှု၊ ဆေးကုသရေး၊ ပညာပေး အရေးယူဆောင်ရွက်မှု အခြေအနေများ၊ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရုပ်ပုံကားချပ်များ၊ ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွှန့်ဝင်း၊ တောင်ကြီးခရိုင်၊ လင်းခေးခရိုင်၊ လွိုင်လင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ခရိုင်၊ မြို့နယ်အလိုက် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် အသေးစိတ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန် ထောက်ပံ့ငွေ ကျပ်သိန်း ၁၆၀ကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ဖွင့်လှစ်သော ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၅/၂၀၀၇) (ရန်ကုန်) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင် ပထမဆုရ ဒေါ်အိသဉ္ဇာခိုင်၊ဒုတိယဆုရဒေါ်ခင်မာဝင်း၊ တတိယဆုရ ဦးကျော်ထွန်းဦးတို့အား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကိုသင်တန်းခေါင်းဆောင်အားပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဦးစိုးသာ မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၆ရက် ညပိုင်းတွင် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ပခုက္ကူခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု စည်းရုံးရေးမှူးနှင့် အမှုဆောင်များအား တွေ့ဆုံကာ တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးသည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ချောက်မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဧည့်ရိပ်သာသို့ သွားရောက်ပြီး ချောက်မြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရပ်ကွက်များရှိ စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ ဆိပ်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားသည်။ ထို့နောက် ချောက်မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများက ဆောင်ရွက်လျက်ရှိသော အသင်းစည်းရုံးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးနှင့် အမှုဆောင်များအား တွေ့ဆုံပြီး အသင်းစည်းရုံးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အသင်းဝင်များကပူးပေါင်းဆောင်ရွက်ရန်တို့ကိုလည်းကောင်း မှာကြားကြသည်။

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မကွေး၊ မင်းဘူး၊ သရက်ခရိုင်အသင်းများမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မကွေး၊ တောင်တွင်း၊ နတ်မောက်၊ မြို့သစ်၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ သရက်၊ အောင်လံ၊ မင်းတုန်း၊ မင်းလှ၊ ကံမမြို့နယ် အသင်းများမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများတွင် အသင်းဝင်များက စည်းရုံးဆောင်ရွက်ရန် လုပ်ငန်းများကိုမှာကြားသည်။ထို့နောက် တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး အသင်းအဆင့်ဆင့်က ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီမိသားစုတို့က ရတနာသီရိတိုက်ကျောင်းသို့ မော်တော်ယာဉ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ရက် ညနေပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သီတာအေးရပ်ကွက် မဟာမုနိဘုရားကြီးအရှေ့ဘက်မုခ်ဦး ညောင်ကန်ကျောင်းတိုက်အတွင်းရှိ ရတနာသီရိတိုက်ကျောင်းဆောင်၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊သံဃာတော်များ၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ကြသည်။

ထို့နောက် ညောင်ကန်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိနှင့် ပင့်သံဃာငါးပါးတို့ အား သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လှူဒါန်းသည့်မော်တော်ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ညောင်ကန်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိထံ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် အသင်းဝင်များသည် ညနေ ၅နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပတ္တမြားကျောင်းတိုက် ဒေါ်မြမြကြီးဓမ္မာရုံ ပိဋကတ်တိုက်၌ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုပြီး ပတ္တမြားကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာ ဇောတာဘိဝံသနှင့် ပင့်သံဃာ အရှင်မြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများနှင့် ဆပ်ပြာအမျိုးမျိုးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များသည် အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ဗဟိုမြို့မ ပရိယတ္တိစာသင်တိုက် ပုညကာရီ ကျောင်းဆောင်၌ ကျင်းပသော မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မိသားစုတို့က စုပေါင်းလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုကြပြီး မြို့မ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအရိယဝံသနှင့် သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းဆန်တော်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀၊ ရွှေဝါဆပ်ပြာ၊ မွှေးဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ စသည့်လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မန္တလေးမြို့ နန်းရှေ့ရပ်ကွက်ရှိ ဦးစိန်မြင့်(ရွှေချည်ထိုး) လုပ်ငန်းသို့ရောက်ရှိကြည့်ရှုအားပေးပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ လုပ်ငန်းများကို ရေရှည်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် သာသနဟိတကာရီဓမ္မဗိမာန်၌ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအဋ္ဌိနှင့် ပင့်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ပရိသတ်အပေါင်းတို့က မဟာဝိဇိတာရုံကျောင်းတိုက်ရှိ သံဃာတော်အပါး ၂၂၀ ကျော်တို့အား နေ့ဆွမ်းများ ဆက်ကပ် လောင်းလှူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ညောင်ကန်တိုက်အုပ်ဆရာတော်ထံ မော်တော်ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (စက်မှု-၁)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် (ဗဟိုလမ်း) ပန်းတနော်လမ်းထောင့် သုခိတာရာမပရိယတ္တိစာသင်တိုက် (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားပူဇော်သော ဉာဏ်တော်ကိုးပေကိုးလက်မရှိ မဟာအောင်မြေဆုတောင်းပြည့် ငွေရတုရွှေစေတီတော်မြတ် ကြီးဓာတ်တော်မွေတော်များ၊ မဟာအောင်မြေများ၊ သတ္တဌာနများ၊ ပိဋကတ်တော်များ ဌာပနာပူဇော်ပွဲနှင့် ရွှေထီးတော်တင်လှူပွဲကို အောက်တိုဘာ ၂၆ရက်(သီတင်းကျွတ်လပြည့်နေ့)က ကျင်းပရာ သုခိတာရာမ ပဓာန နာယကဆရာတော် ဘဒ္ဒန္တမာဃိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ပူဇော်စဉ်။ (က-ပ)

သတ္တုတွင်းဝန်ကြီးဌာနမိသားစု ကထိန်သင်္ကန်းကပ်လှူပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီးတို့ တက်ရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်

သတ္တုတွင်း ဝန်ကြီးဌာန မိသားစု (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲတွင် သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်နှင့် ဇနီးဒေါ်စန်းစန်းတို့ ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၉

သတ္တုတွင်းဝန်ကြီးဌာနမိသားစု (၁၇)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီးဒေါ်စန်းစန်းတို့ တက်ရောက်၍ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဖွင့်လှစ်

ရှေးဦးစွာ ကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးသုဇနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်သရဏ္ဍာယ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးသုဇန အမှူးပြုသည့် သံဃာတော်များက အနုမောဒနာ တရားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြကာ အလှူမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှူရှင်အားဂုဏ်ပြု

မော်လမြိုင်မြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် လှူဒါန်းခဲ့သည့် ငွေကျပ် သိန်းသုံးဆယ် အလှူရှင်အားဂုဏ်ပြုလွှာ ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ရက်က ကျင်းပရာ အလှူရှင် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အမှတ်(၄) မိန်းကလေးကျောင်းလမ်း (ရေကူးကန်ဝင်း)နေ ဒေါက်တာကြီးစိုး၊ ဒေါက်တာ ဒေါ်ခင်ငြိမ်းအေး မိသားစုအား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင်တို့က ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (က-ပ)

စံပြအမျိုးသမီးအထက်တန်းကျောင်း(မရမ်းခြံ) အထက(၁)ကမာရွတ် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၉

စံပြအမျိုးသမီးအထက်တန်းကျောင်း(မရမ်းခြံ)အထက(၁)ကမာရွတ် ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၃ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဒေါ်စန်းဖြူဖြူ ဖုန်း-၆၆၄၇၅၁၊ ဒေါ်လှလှထွေး ဖုန်း-၅၀၁၄၀၉၊ ဒေါ်ပန်းခက်ခက် ဖုန်း-၀၉ ၅၀၀၀၃၆၆၊ ဒေါ်စိန်မြ ဖုန်း-၀၉ ၅၁၁၅၄၂၈၊ ဒေါ်နီနီလွင်ထွန်း(ခ)ထွန်းခန့်ခန့်လွင် ဖုန်း-၀၉ ၅၁၇၃၇၀၃၊ ဒေါ်မိုင်းပပသွင်-ဖုန်း ၅၁၁၂၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

*** မန္တလေးမြို့မှ**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာရာဘိဝံသနှင့် အရှေ့ခင်မကန်တိုက်ဆရာတော် ဘဒ္ဒန္တကုသလတို့ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော် မြတ်စွာဘုရားကြီး၏ တောင်ဘက်မုခ်၌ မန္တလေးမြို့ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များအား သံဃဒါနဆွမ်းနှင့် နဝကမ္မ အလှူတော်ငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော် မြတ်စွာဘုရားကြီးရှိ ဒက္ခိဏသာခါ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဆီမီးတို့ဖြင့် ဆက်ကပ် လှူဒါန်းပူဇော်ကြည်ညိုသည်။

ထို့နောက်နိုင်ငံတော်သြဝါဒစရိယ စည်သာကျောင်းတိုက် မိုးထိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ပရိသတ်တို့သည် နိုင်ငံတော်သြဝါဒစရိယ စည်သာကျောင်းတိုက် မိုးထိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားများကို ရွတ်ပွားသဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်သြဝါဒစရိယ စည်သာကျောင်းတိုက် မိုးထိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏထံ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူတော်ငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နိုင်ငံတော်သြဝါဒစရိယ စည်သာကျောင်းတိုက် မိုးထိဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တပ်မတော်အရာရှိကြီးများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝ နှင့် အရှေ့ခင်မကန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဇနတို့က ဦးစီး၍ ဂေါစရဂါမ်ကျောင်းတိုက် ၂၂ တိုက်တို့မှ သြဝါဒါစရိယ ဆရာတော်ကြီး ၂၂ ပါးတို့အား လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများကို စာရေးတံမဲချ၍ လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့် ဧည့်ပရိသတ်တို့က ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝထံမှ အနုမောဒနာတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်တို့သည် မဟာလောကမာရဇိန် ကုသိုလ်တော် စေတီတော်ကြီးအား လက်ယာရစ် ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ သံဃဒါန ဆွမ်းလောင်းလှူပွဲ အခမ်းအနားကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဌာနဆိုင်ရာများ၊ မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ဒေသအသီးသီးတို့မှ အလှူရှင်ပြည်သူများက စုပေါင်းပြီး နံနက် ၇ နာရီမှစတင်၍ သံဃဒါနဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူခြင်း၊ စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်းတို့အပြင် မင်္ဂလာစည်တော်အဖွဲ့တို့ဖြင့် ရှေးအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အပြင် သံဃဒါနဆွမ်းလောင်းလှူပွဲသို့ မန္တလေးမြို့ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်မှ သံဃာတော် ၁၃ ပါး၊ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းမှ သံဃာတော် ၇၃ ပါး၊ ရွှေစည်ရိပ်သာကျောင်းတိုက်နှင့် ဇီးချိုကုန်း ကျောင်းတိုက်တို့မှ သံဃာတော် ၂၅ ပါး၊ အတုမရှိကျောင်းတိုက်မှသံဃာတော် ၁၀၅ပါး၊ ခင်မကန်ကျောင်းတိုက်မှ သံဃာတော် ၂၁၅ ပါး၊ ဓမ္မစကြာကျောင်းတိုက်မှ သံဃာတော် ၂၅ ပါး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ သံဃာတော် ၁၇၄ ပါး၊ ဖောင်တော်ဦးကျောင်းတိုက်မှ သံဃာတော် ၄၉၉ ပါး၊ တကောင်းကျောင်းတိုက်မှ သံဃာတော် ၂၆ ပါး၊ မြတောင်ကျောင်းတိုက်နှင့် တပ်ဦးကျောင်းတိုက်တို့မှ သံဃာတော် ၃၁ ပါး၊ နန်းဦးလွင်ကျောင်းတိုက်နှင့် ဝါးရောင်ဝင်းကျောင်းတိုက်တို့မှ သံဃာတော် ၁၉ ပါး၊ ရွှေဟင်္သာကျောင်းတိုက်နှင့် ကင်းကုန်းကျောင်းတိုက်တို့မှ သံဃာတော် ၁၉ ပါး၊ တိုက်တော်ကျောင်းတိုက်မှ သံဃာတော် ၁၆၂ ပါး၊ စိန်တုံးကျောင်းတိုက်မှ သံဃာတော် ၄၂ ပါး၊ ရွှေဂူကျောင်းတိုက်မှ သံဃာတော် ၁၀၈ ပါး၊ မတ္တရာကျောင်းတိုက်နှင့် တိပိဋကသန္တဝါသ ကျောင်းတိုက်မှ သံဃာတော် ၄၂၁ ပါး၊ သရက်ကုန်းကျောင်းတိုက်နှင့် ပုသိမ်ကြီး ကျောင်းတိုက်တို့မှ သံဃာတော် ၃၁ ပါး၊ ဝေဠုဝန် ကျောင်းတိုက်မှ သံဃာတော် ၃၁ ပါး၊ မနောမယကျောင်းတိုက်မှ သံဃာတော် ၁၇ ပါး၊ ရွှေဘိုကျောင်းတိုက်မှ သံဃာတော် ၃၃၇ ပါး စုစုပေါင်း ကျောင်းတိုက် ၂၀ တို့မှ သံဃာတော် ၂၅၇၄ ပါးတို့ ကြွရောက်တော်မူကြကြောင်းနှင့် ရပ်ကွက်ပေါင်းစုံမှ ဆွမ်း သပိတ် ၁၆၂၅ လုံး၊ ဌာနဆိုင်ရာများမှ ဆွမ်းသပိတ် ၆၂၅ လုံးနှင့် တပ်ရင်း/တပ်ဖွဲ့ များမှ ဆွမ်းသပိတ် ၃၂၄ လုံး စုစုပေါင်း ဆွမ်းသပိတ် ၂၅၇၄ လုံး လောင်းလှူကြကြောင်းနှင့် ရပ်ကွက် ၂၂ ရပ်ကွက်တို့မှ အလှူတော်ငွေကျပ် ၉၅၉၀၀၀ တန်ဖိုးရှိ ပဒေသာပင် ၂၂ ခုတို့ကို စာရေးတံမဲဖြင့် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၉

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၌ ၁၃၆၉-၇၀ ခု ပညာသင်နှစ် သာသနတက္ကသီလဓမ္မာစရိယ (ပထမနှစ်) သင်တန်းသို့ တက်ရောက်လိုသော အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခုအောင်မြင်ပြီးသော အသက် (၃၀) သိက္ခာ (၁၀)ဝါအောက်ရှိ ရဟန်းသာမဏေများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားသော ရဟန်းသာမဏေများသည် ကျောင်းဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ အစိုးရပထမကြီးတန်းနှင့် ညီမျှသောဝိနည်း၊ အဘိဓမ္မာဘာသာရပ်နှင့် သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းလွှာ တစ်ခု၊ ပါဠိဘာသာရပ် မေးခွန်းလွှာတစ်ခု၊ တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အင်္ဂလိပ်စာမေးခွန်းလွှာ တစ်ခုတို့ကို တစ်ရက်စီ ဖြေဆိုကြရမည်ဖြစ်သည်။

သာသနာ့တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာများကို (၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်) အောက်တိုဘာ ၂၉ ရက် တနင်္လာနေ့မှစတင်၍ ထုတ်ပေးမည်ဖြစ်ပြီး (၁၃၆၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်)၊ နိုဝင်ဘာ ၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ သာသနာ့တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးများ၌ တောင်းယူတင်သွင်းနိုင်ပြီး အသေးစိတ်သိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း-၀၁-၆၆၅၃၆၂၊ ၀၁-၆၆၂၉၉၇ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ရုံး-ဖုန်း-၀၁-၆၆၄၃၉၅)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း-၀၂-၆၆၉၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

သီတဂူဓမ္မပူဇာသဘင်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ တဝရွှေဂူကြီးဘုရား တန်ဆောင်းတော်ကြီးတွင် တရားအစဉ် ဓမ္မသဘင် ကျင်းပပူဇော်မည်ဖြစ်ရာ ၃-၁၁-၂၀၀၇ (စနေနေ့)ညတွင် ဒေါက်တာ ဝေဠုရိယဉာဏာလင်္ကာရ (ပါမောက္ခ၊ လက်ထောက်မော်ကွန်းထိန်း)၊ ၄-၁၁-၂၀၀၇ (တနင်္ဂနွေနေ့) ညတွင် ဒေါက်တာကုလန္ဒက (လက်ထောက် စာချကထိက)၊ ၅-၁၁-၂၀၀၇ (တနင်္လာနေ့) ညတွင် ဒေါက်တာ ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် ဆရာတော်ကြီးများ၏ ဓမ္မအစီအစဉ်ကို ည ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ပါသောကြောင့် တရားလိုလား ဓမ္မမိတ်ဆွေအပေါင်းတို့အား ဖိတ်ကြားကြောင်း သတင်းရရှိသည်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကတ္တရာကွန်ကရစ်ထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တစ်နာရီ ၁၅ တန်ကျ ကတ္တရာကွန်ကရစ်ဖျော်စက်မှ ကတ္တရာကွန်ကရစ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင် ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ကျောက်ခွဲစက်(အေ၊ ဘီ၊ စီ) ဝင်းသို့ သွားရောက်ပြီး ထုတ်လုပ်မှု လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် ဒုတိယဌာနမှူး ဦးညီညီဦးတို့က ပွင့်လင်းရာသီ၌ ရန်ကုန်မြို့ရှိ လမ်းများ အဆင့်မြှင့်ရေးလုပ်ငန်းများတွင်ကျယ်စွာ စွမ်းအားတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် တစ်နာရီလျှင် ၁၅တန်ကျ ကတ္တရာကွန်ကရစ်ဖျော်စက်မှ ကတ္တရာကွန်ကရစ်များ ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ကတ္တရာကွန်ကရစ်များအား လုပ်ငန်းခွင်သို့ ယာဉ်များဖြင့် ပို့ဆောင်ပေးနေမှု၊ တစ်နာရီလျှင် တစ်တန်ခွဲကျ ကျောက်ခွဲစက်များမှ လိုအပ်သည့် ကျောက်အရွယ်အစားအလိုက် ကျောက်များကြိတ်ခွဲနေမှုဖြင့် ကတ္တရာနှင့်ကျောက်ကုန်ကြမ်းများ စုဆောင်းထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ မြို့တော်ဝန်က လမ်းအဆင့်မြှင့်ရေး လုပ်ငန်းခွင်များသို့ ဟန်ချက်ညီညီ ထုတ်လုပ်ပေးပို့ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၀	၇။	အဆိုပြိုင်ပွဲ
၈:၀၅	၈။	ရွှေလောင်းတံတား
၈:၁၅	၉။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၁၀။	International News.
၈:၄၀	၁၁။	Let's Go.
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)**
၄:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၀	၅။	ဆိုကြမယ်၊ ပျော်ကြမယ်
၅:၄၅	၆။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀	၇။	ညနေခင်းသတင်း
၆:၃၀	၈။	မိုးလေဝသအခြေအနေ
၆:၃၅	၉။	သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၀	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောရွှေနေခြည်" (အပိုင်း-၂၅)**
၇:၄၅	၁၁။	ပို့ကုန်သွင်းကုန်များ သယ်ပို့စွမ်းအားဖြည့်တင်းထား ဒဂုံတံတား
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါ ချစ်သူရယ်" (အပိုင်း-၁၉)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ကျောင်းတိုက် မုခ်ဦးနှင့် ကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၏ ကျောင်းတိုက်မုခ်ဦးနှင့် ကျောင်းတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တဝိစက္ခဏနှင့်အလှူရှင်များက မုခ်ဦးနှင့်လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှူဒါန်းနိုင်

အဆိုပါမုခ်ဦးနှင့် လမ်းအလှူရှင်များအဖြစ် ပုသိမ်မြို့ တကောင်းလမ်းနေ ဦးမြတ်လင်း-ဒေါ်တင်မြ (အိအိချို ရေတတ်သီးမှုန့်) မိသားစုက ငွေကျပ် ၁၁ သိန်း၊ ပုသိမ်မြို့ ဧရာမင်း (၄)လမ်းနေ ဦးမြတ်ထွန်း-ဒေါ်အေးအေးသိန်း မိသားစုက ငွေကျပ် ကိုးသိန်းနှင့် စေတနာရှင်များက ငွေကျပ် သိန်း ၂၀ ပါဝင်လှူဒါန်းခဲ့ကြပြီး လွန်ခဲ့သောနှစ်ပေါင်း ၈၀ ကျော်က တည်ရှိခဲ့သော ပိဋကတ်တိုက်ကြီးအား ပြန်လည်ပြုပြင်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း ၀၄၂-၂၅၇၈၄၊ ၀၉၅၂၀၂၆၅၀၊ ၀၄၂-၂၂၉၃၄၊ ၀၉၅၂-၀၁၀၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မူးယစ်ဆေးဝါးကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသောကြောင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၊ ပင်လောင်းမြို့၊ မကွေးတိုင်း ထီးလင်းမြို့၊ ဂန့်ဂေါမြို့၊ ရန်ကုန်တိုင်း တွံတေးမြို့၊ ဒလမြို့၊ ကော့မှူးမြို့၊ ကွမ်းခြံကုန်းမြို့နှင့် ကိုကိုးကျွန်းမြို့တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၉ ရက်၊ ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၈ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အားဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ကျောက်ဖြူမြို့မှ ပြည်သူအင်အား ၅၀၀၀ ကျော်သည် အောက်တိုဘာ ၁၉ရက် နံနက် ၇နာရီခွဲတွင် ကျောက်ဖြူမြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ အောက်တိုဘာ ၂၃ရက် နံနက် ၉နာရီတွင် ပြည်သူအင်အား ၁၂၀၀၀ ကျော်နှင့်ပင်လောင်းမြို့၌ အောက်တိုဘာ ၂၄ရက် နံနက် ၉နာရီခွဲတို့တွင် ပြည်သူအင်အား ၅၃၀၀၀ ကျော်တို့သည် သက်ဆိုင်ရာမြို့များအတွင်းလှည့်လည်၍ ဒို့တာဝန် အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမျိုးသားညီလာခံကို ထောက်ခံပါသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ တည်ငြိမ်မှုကို လိုလားသည်၊

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ကျောက်ဖြူမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

မကွေးတိုင်း ထီးလင်းမြို့၌ အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ပြည်သူအင်အား၅၂၀၀ကျော်နှင့် ဂန့်ဂေါမြို့၌ အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီတွင် ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့သည် သက်ဆိုင်ရာမြို့များ အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပေးရေးတို့ကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC နှင့် VOA အဖျက်သမားများကို သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်း တွံတေးမြို့၌ ပြည်သူအင်အား ၁၁၀၀၀၊ ဒလမြို့၌ ပြည်သူအင်အား၁၄၀၀၀ကျော်၊ ကော့မှူးမြို့၌ ပြည်သူအင်အား ၁၀၀၀၀ ကျော်၊ ကွမ်းခြံကုန်းမြို့၌ ပြည်သူအင်အား ၁၁၀၀၀ ခန့်နှင့် ကိုကိုးကျွန်းမြို့၌ ပြည်သူအင်အား ၆၀၀ ကျော်တို့ အောက်တိုဘာ ၂၈ရက်တွင် သက်ဆိုင်ရာမြို့များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ အမေကျော်ဒွေးဘော်မလွှမ်းပါနှင့် သူ့ကျွန်မခံပါစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဂန့်ဂေါမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် စောင်းတန်းတော် တည်ဆောက်ရေးအတွက် လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် တကောင်ဘွားလမ်းနေ မိခင်ကြီး ဒေါ်ခင်စန်းအား အမှူးထား၍ ဦးဝင်းချို-ဒေါ်သင်းသင်း (ဝင်း) ကားရေတိုင်ကီလုပ်ငန်းမှ ငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း ၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လှူဒါန်း

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက မတည်လှူဒါန်း ဆောက်လုပ်သော အထက(၁) ရေနံချောင်း ရွှေပါရမီ ပညာသင်ဆောင်အတွက် (ဦးဟုတ်ယုံ)၊ ဒေါ်ကျင်လှသား Captain ဦးဌေးမြင့် မိသားစုက အလှူငွေကျပ် ၁၀သိန်းကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး)ထံ ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၄၇)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မွေးမြူသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒဏ်ရာများနှင့်နှလုံးသား" (အပိုင်း-၁၄)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဓာတ်မြေသြဇာ အထွက်တိုးရေး အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ဓာတ်မြေသြဇာအထွက်တိုးရေး အစည်းအဝေးတက်ရောက် ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် အောက်တိုဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက ဓာတ်မြေသြဇာအထွက်တိုးရေး အစည်းအဝေးကို အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် မကွေးတိုင်း စလေမြို့ရှိ အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ) အစည်းအဝေးခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဓာတ်မြေသြဇာစက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ၂၀၀၇–၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွက် လျာထားသတ်မှတ်ထားသော ဓာတ်မြေသြဇာ လျာထားချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် တပ်ဆင်ပြုပြင်ရမည့် အပိုင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဓာတ်မြေသြဇာစက်ရုံမှူးများနှင့် တာဝန်ရှိသူများက မိမိတို့စက်ရုံများအလိုက် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်ပြင်ဆင်နေမှု အခြေအနေနှင့် လက်ရှိဓာတ်မြေသြဇာထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံများအလိုက် လျာထားချက် ပြည့်မီအောင် တိုးတက်ထုတ်လုပ်ရေးနှင့် စက်ရုံ ပြုပြင်ရမည့်အပိုင်းများကိုလည်း အချိန်မီပြီးစီးရေး၊ ဝန်ထမ်းများအားလုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ နည်းလမ်းပေါင်းစုံ အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကိုမှာကြားကာ ဓာတ်မြေသြဇာ အထွက်တိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ (စလေ)၏ ဓာတ်မြေသြဇာထုတ်လုပ်မှု အခြေအနေကို လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ချောက်မြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေအစည်းအဝေးခန်းမ၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ယနေ့ကမ္ဘာ့စက်သုံးဆီဈေးနှုန်းသည် အဆမတန် မြင့်မားလျက်ရှိကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ မသမာမှုများ ပပျောက်ရေးနှင့် စက်သုံးဆီ အလေအလွင့်မရှိရေးကိုလည်း ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း စသည်ဖြင့်ပြောကြားကာ ဝန်ထမ်းများ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရေးတို့ကို အသေးစိတ် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝန်ထမ်းများ၏တင်ပြချက်များအပေါ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် ချောက်ရေနံမြေ ရွှေပုံတောင်ဘုရားအနီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Gold Petro ကုမ္ပဏီလီမိတက် က LTO Cooper Rig တွင်းတူးစက်ဖြင့် တွင်းအမှတ် (၁၁၀၇)တွင်းဟောင်း ပြန်လည်ပြုပြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

အိုင်အိုဒင်းဆား ပါဝင်မှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရောင်းချနေသောဆားများတွင် အိုင်အိုဒင်း ပါဝင်မှု ရှိ၊မရှိစစ်ဆေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၄ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကျန်းမာရေးမှူး ဦးမြတ်သူ၊ ဒု–ဦးစီးမှူး ဒေါ်တင်တင်အေးနှင့်အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြောင်းသိရသည်။**(အောက်ပုံ)**(မြို့နယ်စည်ပင်)

ဝန်ကြီးဒေါက်တာကျော်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် အောက်တိုဘာ ၂၈ရက်မှ ၃၁ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် တရုတ်–အာဆီယံ အစားအသောက်အရည်အသွေးထိန်းသိမ်းရေးနှင့် အစားအစာမှတစ်ဆင့် ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၂၆ရက်တွင် နေပြည်တော်မှ ထွက်ခွာသွားသည်။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်အား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပွဲတော် ကျင်းပ တက်ခုတ်၊ တက်ပျံ ယိမ်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂၉

ပဲခူးတိုင်း ရွှေကျင်မြို့နယ် (၁၅၆)နှစ်မြောက် သီတင်းကျွတ် မီးမျှောပူဇော်ပွဲတော်ကို အောက်တိုဘာ ၂၇ရက် နံနက် ၉နာရီတွင် ရွှေကျင်မြို့နယ် ရွှေကျင်ချောင်းအတွင်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပွဲတော်ကျင်းပရေး နာယကနှင့် ဦးစီးကော်မတီ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်မည့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အရှင်ဥပဂုတ္တမထေရ်မြတ် ကရဝိက်ဖောင်တော်ကို လှော်ကားတော်ကြီးလှေမှ ဦးဆောင်၍ တက်ခုတ်၊ တက်ပျံအဖွဲ့များက ချောင်းအတွင်း ပင့်ဆောင်ပူဇော်ပြီး ယိမ်း၊ တက်ခုတ်၊ တက်ပျံပြိုင်ပွဲများ ကျင်းပသည်။ ထို့နောက် ယှဉ်ပြိုင်ကြသည့် ယိမ်းအဖွဲ့များက ရွှေကျင်ချောင်းတစ်လျှောက် ပွဲတော်လာ ပရိသတ်များအား ဖျော်ဖြေကြသည်။

ညနေ ၄နာရီတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ယိမ်းပြိုင်ပွဲ ပထမ ညောင်ဝိုင်းတရုတ္တန်းရပ်ကွက်မှ သီဂီရွှေရည်ယိမ်း၊ ဒုတိယ ပျဉ်းမပင်ရပ်ကွက်မှ ရွှေပွင့်လွှာ၊ တတိယ ပွဲကုန်းရပ်ကွက်မှ အိရွှေစင်၊ တက်ခုတ်ပြိုင်ပွဲတွင် ပထမ ပန်းဘဲတန်းရပ်ကွက်မှ ရွှေမဥ္ဇူ၊ ဒုတိယ မကျည်းတန်းရပ်ကွက်မှ မြနှင်းဆီ၊ တတိယ တောင်ဘက်ကျေးရွာမှ ရွှေပဒုမ္မာ၊ တက်ပျံယိမ်းပြိုင်ပွဲတွင် ပထမ

တံခွန်တိုင်ကျေးရွာမှ မျိုးဆက်သစ် ရွှေတက်ပျံယိမ်း၊ ဒုတိယ ဒုံဇရစ်ကျေးရွာမှ ရွှေဒုံမေ၊ တတိယ ဝိုင်ပျဉ်ရေကျေးရွာမှ ရွှေဇင်ဝင်းယိမ်းအဖွဲ့များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ညနေ ၆နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ရာ ဒေသခံပြည်သူများ၊ ပွဲတော်လာ ပရိသတ်များက တပျော်တပါး မီးမျှောပူဇော်ကြပြီး ည ၈နာရီတွင် မီးမျှောပူဇော်ပွဲ ကျင်းပပြီးစီးသည်။ (ကြေးမုံ)

မော်လမြိုင်မြို့(၇၇)ကြိမ်မြောက် စာလျှောက်မေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလ အသင်းကကြီးမှူး၍ (၇၇)ကြိမ်မြောက် စာလျှောက်မေးပွဲကို အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၄ရက်အထိ မော်လမြိုင်မြို့ တောင်ပေါက်ကျောင်း ပရိယတ္တိသဒ္ဓမ္မပါလအသင်း ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ စာသင်တိုက် ၄၅ တိုက်တို့မှ အသင်းမဟာနာယကဆရာတော်ကြီးများ၊ အနုနာယကဆရာတော်ကြီးများ၊ နိဗဒ္ဓဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် စာမေးပွဲဖြေဆိုကြမည့် သံဃာတော်များနှင့် သီလရှင်များ ၃၀၇ ပါး အပါအဝင် စုစုပေါင်း ၃၆၅ ပါးတို့ ကြွရောက်တော်မူကြမည်ဖြစ်သဖြင့် လှူဒါန်းလိုသူများသည် မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလ အသင်းဥက္ကဋ္ဌ ဦးလုကြည်နှင့် အတွင်းရေးမှူး ဦးရွှေအိမ် ဖုန်း–၀၅၇–၂၂၃၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင်တောရ ကထိန်ပွဲနှင့် ဝိဇ္ဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ၏ (၁၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၂၄ရက် (တန်ဆောင်မုန်းလပြည့်)တွင်လည်းကောင်း၊ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၏ ဝိဇ္ဇာတမွေးနေ့မင်္ဂလာနှင့် ရေစက်ချပွဲ၊ စုပေါင်း သိက္ခာထပ်ပွဲတို့ကို နိုဝင်ဘာ ၂၇ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း–၀၉၅–၁၉၃၈၄၅၊ ၀၉၅၀၃၉၃၃၀၊ ၆၂၀၇၁၊ ဦးမြင့်စိုး ဖုန်း–၆၆၂၃၂၈၊ ဦးမောင်မောင်သန်း ဖုန်း–၆၂၀၇၀၂၊ ဒေါ်ထက်ထက်အေး ဖုန်း–၅၇၉၈၀၅၊ ဒေါ်ခင်မိုးလွင် ဖုန်း–၅၀၃၉၉၃၊ ဦးကျော်လွင် ဖုန်း–၆၉၀၃၁၉၊ ဦးကျော်ဝင်း ဖုန်း–၆၄၂၆၂၅၊ ဒေါ်စန်းစန်းလတ် ဖုန်း–၀၉၈၀၃၄၅၃၃၊ ဒေါ်မီးမီး ဖုန်း–၅၅၅၂၈၈၊ ၅၅၃၃၈၈ တို့ထံ ဆက်သွယ်နိုင်ပြီး အလှူရှင်များ နံနက် ၈နာရီအရောက် ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

ဒုတိယ၊ တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၃) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယ အဆင့် သင်တန်းအမှတ်စဉ် (၈၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူ များ၊ သင်တန်းကထိကများသင်တန်းသား၊သင်တန်းသူများတက်ရောက်ကြသည်။(သတင်းစဉ်)

နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ် အချိန်မီပြီးစီးရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်ရှိ ခန်းမဆောင်၌ကျင်းပရာ နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ပရဆေးဥယျာဉ် စီမံချက်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပရဆေးပင်များ စုံစုံလင်လင် ရှိရမည့်အပြင် ဥယျာဉ်သည်လည်း လှလှပပ ရှိနေရမည်ဖြစ်ကြောင်း၊ စိုက်ခင်းစိုက်ကွက်များ လှပသာယာမှု ရှိနေစေရမည်ဖြစ်ကြောင်း၊ လျာထားချက်အမီ ပြီးစီးရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေးလုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ဥယျာဉ်ကို အချိန်မီပြီးစီးနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းကာ အဆင့်လိုက် လုပ်ဆောင်သွားကြရန် ဆွေးနွေးပြောကြားပြီး ဝန်ကြီးဌာနအလိုက် တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ (KOICA)တို့ ပူးပေါင်းကြီးမှူး၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို နိုဝင်ဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ (သို့မဟုတ်) အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဝန်ကြီးဌာနအဆင့်၊ ပြည်နယ်၊တိုင်းအဆင့်၊ အသက်(၁၄)နှစ်အောက်၊ အသက်(၁၈)နှစ်အောက် တစ်ဦးချင်းအတိုက်ပြိုင်ပွဲနှင့် "က"ကွက်ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ KOICA (KOREA INTERNATIONAL COORPERATION AGENCY)က ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်းများ

မန်ချက်စတာယူနိုက်တက်အသင်း ရှစ်ပွဲဆက်တိုက် အနိုင်ရ

လန်ဒန် အောက်တိုဘာ ၂၈

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် မစ်ဒရယ်ဘရော့အသင်းတို့ အောက်တိုဘာ ၂၇ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ရှစ်ပွဲဆက်တိုက် အနိုင်ရရှိခြင်းဖြစ်ပြီး ၁၉၀၇ခုနှစ်နောက်ပိုင်း ပွဲတစ်ပွဲတွင် လေးဂိုးအထိသွင်းယူနိုင်မှု လေးပွဲဆက်တိုက် ရလဒ်ဖြစ်ပေါ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် မန်ချက်စတာစီးတီးတို့၏ပွဲတွင် ချယ်လ်ဆီးအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အောက်တိုဘာ ၂၈ရက်ပွဲစဉ်တွင် အာစင်နယ်နှင့်လီဗာပူးတို့ တစ်ဂိုးစီသရေကျသွားသည်။ ထို့အတူဘော်လ်တန်နှင့် အက်စ်တန်ဗီလာတို့လည်း တစ်ဂိုးစီသရေကျပြီး အဲဗာတန်က ဒါဘီကို ၂း၀၊ ဘလက်ဘန်းက တော့တင်ဟမ်ကို ၂း၁တို့ဖြင့် အနိုင်ရသည်။

အမ်အင်အေ၊ရိုက်တာ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ရလဒ်

လန်ဒန် အောက်တိုဘာ ၂၈

အောက်တိုဘာ ၂၇ရက်တွင် ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁) ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ဘာမင်ဂမ်စီးတီး	(၃-၂)	ဝီဂန်
ပို့စ်မောက်	(၀-၀)	ဝက်စ်ဟမ်း
ရီးဒင်း	(၂-၁)	နယူးကာဆယ်
ဆန်ဒါးလန်း	(၁-၁)	ဖူလ်ဟမ်

အမ်အင်အေ၊ ရိုက်တာ

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ၌ ရီးယဲမဒရစ်အနိုင်ရ

မဒရစ် အောက်တိုဘာ ၂၉

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ရီးယဲလ်မဒရစ်အသင်းနှင့် ဒီပို့တီပိုအသင်းတို့ အောက်တိုဘာ ၂၈ရက်က မဒရစ်မြို့၌ ယှဉ်ပြိုင်ကစားကြရာ ရီးယဲလ်မဒရစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစပြီး နှစ်မိနစ်မှာပင် ဒီပို့တီပိုအသင်းက ဂိုးသွင်းခဲ့သည်။ ပထမပိုင်းအတွင်း ရီးယဲလ်မဒရစ်အသင်း ခြေမပေါ်သော်လည်း ရုဒ်ဗန်နစ္စတယ်ရွိုင်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၇၉မိနစ်တွင် လူစားဝင်လာသူ ရာအူးလ်က ဒုတိယဂိုးသွင်းခဲ့ပြီးနောက် ရော်ဘင်ဟိုက ပွဲပြီးခါနီးတွင် တတိယမြောက်ဂိုးကို သွင်းယူသည်။

ရီးယဲလ်မဒရစ်အသင်းသည် ကိုးပွဲကစားပြီး ၂၂မှတ် ရရှိထားသည်။ အနီးကပ်ပြိုင်ဘက် ဘာစီလိုနာအသင်းမှာမူ အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နေသည်။ ***အမ်အင်အေ၊ ရိုက်တာ***

မြန်မာသိုင်းအဖွဲ့ မလေးရှားမှပြန်လည်ရောက်ရှိ ငြိမ်းငြိမ်းအောင်နှင့် တင်ဦး ငွေတံဆိပ်ဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၀ရက်မှ ၂၅ရက်အထိ မလေးရှားနိုင်ငံ ပါဟန်းဒါရိုမာမား၌ ကျင်းပခဲ့သည့် (The 13th World Silat Championship 2007) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း ခေါင်းဆောင်သော မြန်မာသိုင်းအားကစားအဖွဲ့ဝင်များသည် အောက်တိုဘာ ၂၆ရက် ညပိုင်းက ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာသိုင်း အားကစားအဖွဲ့ဝင်များက ငွေတံဆိပ်နှစ်ခုရရှိခဲ့ရာ အမျိုးသမီး ၄၅-၅၀ ကီလိုတန်းတွင် ငြိမ်းငြိမ်းအောင်က ငွေတံဆိပ်တစ်ခုနှင့် အမျိုးသား ၅၀-၅၅ ကီလိုတန်းတွင် တင်ဦးက ငွေတံဆိပ်တစ်ခု ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၅နိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးမှူးဒိုင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ မူလတန်းအဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၉ ရက် ညနေက ဒုဋ္ဌဝတီအားကစားကွင်း၌ကျင်းပရာ အမှတ်(၆) မူလတန်းကျောင်း ဘောလုံးအသင်းကို အနိုင်ရဗိုလ်စွဲသွားသော ဘော်ကြိုကျေးရွာ အလယ်တန်းကျောင်း ဘောလုံးအသင်းအား မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက ဒိုင်းဆု ချီးမြှင့်ပေးအပ်စဉ်။ (၂၄၇)

ဒုတိယရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့

မလေးရှားနိုင်ငံ ပါဟန်းဒါရိုမာမား၌ ကျင်းပခဲ့သည့် (THE 13th WORLD SILAT CHAMPIONSHIP 2007)သိုင်းပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခုဖြင့် ဒုတိယရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား တွေ့ရစဉ်။

(ကြေးမုံ)

တရုတ်-အာဆီယံကုန်စည်ပြပွဲ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် နန်နင်းမြို့၌ အောက်တိုဘာ ၂၈ရက်မှ ၃၁ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန်နှင့် ဆန်စက်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်၊ ဆန်စက်လုပ်ငန်းများ လေ့လာရန်တို့အတွက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းတို့ ဦးဆောင်သည့် ၁၆ဦးပါအဖွဲ့သည် အောက်တိုဘာ ၂၆ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ) (သတင်းစဉ်)

ဗဟန်းမြို့နယ် ဆရာစံအနောက်မြောက်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံအနောက်မြောက်ရပ်ကွက် ဓမ္မပါလလမ်း၌ အောက်တိုဘာ ၂၈ရက် မွန်းလွဲ ၂နာရီခွဲတွင် ပေါင်းအိုးဖြင့် ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နေအိမ် ၁၁လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၆စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း၊ မီးဘေးသင့်အိမ်ထောင်စုများအား အမက(၇)၌ ယာယီနေရာချထားပေးပြီး လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

El Dorado
162, 36th (mid),Kyauktada, Yangon.
Ph: 381217, 391539.
ဗီဒီယိုရိုက်ကူးတည်းဖြတ်နှင့်VCD/ DVD ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းခွင်ဝင်အမြန်သင်တန်း
Active& Fresh Course ၅.၁၁.၀၇နေ့ ခင်း(၁)နာရီမှ(၃)နာရီ တနင်္လာမှကြာသာပတေး (၁)လကြာမြင့်မည်။
ဗီဒီယိုတည်းဖြတ်ခြင်း၊ဗီဒီယိုအထူးပြုလုပ်ချက်များ၊Tape, VCD, DVD ကူးပြောင်းခြင်းဆိုင်ရာများ၊ဗီဒီယိုကင်မရာအသုံးပြုခြင်းများကိုလက်တွေ့သင်ပေးသည်။

ကျေးဇူးဆပ်ပါမည်
မော်တော်ယာဉ်အမှတ်၊ ၈ခ/၃၄၉၈ ၏ပုံစံ(၁)အခွန်ကျေစာရွက်/စာတမ်းနှင့် ကမ-၃ စာအုပ်မူရင်း ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် တွေ့ရှိ ပါက ပြန်လည်ကျေးဇူးဆပ်ပါမည်။ **ဇော်နိုင်ဝင်း**
ဖုန်း-၀၉-၅၁၈၃၂ ၆၀-၅၁၈၃၄၅၉

ပြည်မြန်မာ အမှတ် (၅၇၉) သတင်းဂျာနယ်
✹ မေတ္တာလက်ဆောင် အချပ်ပို ၄ မျက်နှာ ပါဝင်ပါသည် ✹
ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ
မြန်မာနိုင်ငံသို့ မစ္စတာဂမ်ဘာရီ နိုဝင်ဘာလဆန်းတွင်လာရောက်မည်
- မစ္စတာဂမ်ဘာရီနှင့် တရုတ်ခေါင်းဆောင်အချို့တွေ့ဆုံဆွေးနွေး ◆ နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌအပြောင်းအလဲဖြစ် ◆
- ၁၀၈ နှစ် အဘိုးအိုနှင့် ၈၁ နှစ် အဘွားအိုတို့ လက်ထပ် ● လိုက်ဂူထဲဝင်သွားပြီး တက္ကသိုလ်ကျောင်းသားကျောင်းသူများပြန်ထွက်မလာနိုင်
- အသက် ၆၀ ကျော် သခော်သားများလည်း အာမခံထားနိုင်ပြီ ● မိကျောင်းပါးစပ်အတွင်းသို့ ဒိုင်ဗင်ထိုးချခဲ့သော်လည်း အသက်မသေ
- ရုပ်ရှင်ရုံထဲတွင် ရယ်မောရင်း လူ ၁၀ ဦး သေဆုံး ● ရန်ကုန် - ပေါင်ကောင် တိုက်ရိုက်ပျံသန်းမည် ● အီရတ်နယ်စပ် တူရကီပုံးကြဲ
- ကယ်လီဖိုးနီးယားတောမီးကြောင့် အာနိကြီးသွေးပျက် ● သစ်ပင်ပေါ်တက်နေပြီး လေရှူတာတ်တဲ့ငါ၊ ● နိုင်ငံခြားသွားတိုင်း အဆင်ပြေမှာလား
- ဇနီး ၈ ဦးနှင့် သားသမီး ၆၇ ယောက်ရှိသူ ● တရုတ်က လကမ္ဘာသို့ ပထမဆုံးအာကာသယာဉ်လွှတ်တင် ● ကမ္ဘာ့ထိပ်တန်း (၁၀) များ
- ပီရူးတစ်နိုင်ငံလုံး ၁၀ နာရီကြာ အိမ်တွင်းအောင်းခဲ့ကြရ ● ကမ္ဘာ့ပထမဆုံး စူပါဂျမ်ဘို ဂျက်လေယာဉ်ကြီး၏ ဖွဲ့ဆော်ဦးခရီးစဉ်
- ကရင်ပြည်နယ်မှ ထူးခြားသည့် ကျော့ဂွန်းကျောက်ဂူ ● အာဂျင်တီးနားတွင် ပထမဆုံး အမျိုးသမီးသမ္မတ ပေါ်ထွက်လာတော့မည် ထွက်ပြီ

NEWS WATCH WEEKLY
စောင့် ကြည့် သ တင်း ဂျာ နယ်
❖ ပထမဦးဆုံးအကြိမ်တွေ့ဆုံသည့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်
❖ မစ္စတာဂမ်ဘာရီအကြောင်း တစေ့တစောင်း
❖ ဘုံဘဝမှာဖြင့်ကို ခြေရာခံခြင်း
❖ မြို့တော်ခမ်းမရှေ့ ညစျေးတန်းဖွင့်လှစ်မည့်အစီအစဉ်
❖ ရှားရှားပါးပါး ခေါင်း ၂ လုံးပါလိပ်နီမျိုး
❖ နှလုံးကုသရာတွင် ယခင်ကလိုနံရုံချိုးပစ်စရာမလိုဒါဗင်ချီစက်ရုပ်လက်နှင့်ခွဲစိတ်ကုသနိုင်
❖ တရားမဝင်ထုတ်လုပ်တင်သွင်းရောင်းချထားသော စားသောက်ကုန်များကိုအရေးယူမည်
❖ မြန်မာအလုပ်သမားများကို မလေးရှားမှကန့်သတ်လိုက်သည်ဆိုသော သတင်းမမှန်ကန်
❖ ပေါင်ကောင်၊ ရန်ကုန်၊ ပေါင်ကောင်လေယာဉ်ခရီးစဉ်ပြေးဆွဲမည်
❖ အိုလံပစ်ကြောင့် အကျိုးကျေးဇူးခံစားနေရသည့် ဘေဂျင်းမြို့တော်
❖ ခြေစွမ်းထက်အာဆင်နယ်အသင်းနှင့် ဆရာကြီးမန်ယူ ပွဲကြီးပွဲကောင်းကြည့်ကြရမည့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၂)ကို M3S ရဲ့အနီးကပ်ဆုံးခန့်မှန်းချက်
❖ ယခုတပတ်စောင့်ကြည့်ဂျာနယ်မှ စောင့်ကြည့်ရမည့်ပုဂ္ဂိုလ်များ . . . ထွက်ပြီ

မြတ်စေတနာ သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်သင်တန်း
- သူနာပြုအကူသင်တန်း(၃)လပြီးရင် CERTIFICATE တစ်ခုပေးတယ်။
- ဆေးဝါးတန်း စနေ၊ တနင်္ဂနွေတန်းခွဲရှိသည်။ ဆေးဆိုင်ဖွင့်နိုင်ရေးကူညီမည်။
- သင်တန်းပြီးလို့ ကျောင်းပိုင်ဆေးခန်းဆင်းရင် CERTIFICATE တစ်ခုပေးတယ်။
- ကျောင်းပိုင်မြတ်ကရုဏာဆေးခန်းမှာ လက်တွေ့ဆင်းရမယ်
- တစ်လတစ်ခါ ကုသိုလ်ဖြစ်ဆေးကုလေ့လာရေးခရီးလည်းထွက်တယ်။
- အင်္ဂလိပ်၊ တရုတ်စကားပြောအခြေခံသင်ပေးတယ်။ အလုပ်ရဖို့ကူညီမည်။

အမှတ်(၅၄)၊ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်လည်းတန်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၅၀၂၆၅၇ ၊ ၀၉၉၉ - ၂၂၅၈၄

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
ဦးသန်းထွန်း လက်ထောက်မန်နေဂျာ၊
(ပြည်တွင်းရောင်း/စက်) အမှတ်(၉၁)သစ်စက်-
ဒေါ်စောရီတို့၏ သားငယ်
မောင်ဇော်သက်ထွန်း B.Sc (Chem;)
"ထွန်း" (သစ်ခွဲစက်နှင့် သစ်ရောင်းဝယ်ရေး)
နှင့်
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ
ဦးကျော်သင်း-ဒေါ်တင်တင်ဦး
(ဘဝသစ်ကုန်မျိုးစုံနှင့် စတိုးဆိုင်)တို့၏ သမီးငယ်
မနွယ်လေးမွန် B.Sc (Phys)
တို့သည် ၂၆-၁၀-၂၀၀၇ ရက်တွင် နှစ်ဖက်သော လူကြီးမိဘများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဇော်သက်ထွန်း-မနွယ်လေးမွန်

MYANMAR NEWSWEEK
To Open Mind and Knowledge of Society
❖မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်ဂမ်ဘာရီ၏အာရှ(၆)နိုင်ငံခရီး ❖မြန်မာနိုင်ငံမှာ ICSI နည်းပညာသစ်ဖြင့် သန္ဓေသားယူနိုင်ပြီ မကြာမီ ဖခင်ဖြစ်လာတော့မည့်အကယ်ဒမီလူမင်း ❖ဂျပန်၊ ဥရောပတို့ မြန်မာကျောက်မျက်ရတနာများပိုမိုဝယ်ယူ ❖လာမည့်ဆောင်းရာသီကာလအအေးပိုနိုင် အချို့ဒေသတွင် ရေခဲမှတ်အောက်ရောက်နိုင်သည်အထိအေးနိုင် ❖ခေတ်မီသချ်ာပုံစံသုံးစနစ်ဖြင့် မိုးလေဝသလုပ်ငန်းများကို တွက်ချက်ဆောင်ရွက်သွားမည် ❖အေစီတရဲလ်အာရှမြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးရန်ဒေါ်လာသန်း(၂၀၀)ရင်းနှီးမြှုပ်နှံမည် ❖ငါးရှန်တောင်နှင့်တစ်ဆက်တည်းဖြစ်သော ဘုရားကြီးကုန်းရေနံမှော်သစ်ထပ်မံပေါ်ပေါက်မည် ❖အီဂျစ်နိုင်ငံတွင် မြန်မာယဉ်ကျေးမှုရိုးရာအကများကို ကပြခဲ့သည့် နိုင်ငံကျော်အငြိမ့်မင်းသမီး သဏ္ဍာလင်းနှင့်တွေ့ဆုံမေးမြန်း ❖နေပြည်တော်ပျဉ်းမနားမှ တည်းခိုခန်းအားလုံးဈေးနှုန်းတပြေးညီ သတ်မှတ်ထား ❖အီရန်ကိုတိုက်ခိုက်ခြင်းသည် ရုရှားကိုတိုက်ခိုက်ခြင်းဖြစ် ❖အီရန်ကိုတိုက်နိုင်ရန်အမေရိကန်က အစွရေးနှင့်ပရိယာယ်ဆင် ❖တတိယကမ္ဘာစစ်အတွက် အချိန်ယူစဉ်းစားရန် အမေရိကန်သမ္မတဘုရှ်လိုအပ်ဟုဆို ❖သမ္မတဘုရှ်က ဘန်ကာဖျက်ဗုံးများတောင်းခံခြင်းက ဒီမိုကရက်တို့အား အီရန်ကိုတိုက်မည့် စိုးရိမ်စိတ်များတိုးပွားလာစေ ထွက်ပြီ

မဟာဒုက်ဘုရားမဲ ရောင်းချပေးသူများ စရိတ်ငြိမ်းပို့ပေးမည်

ရန်ကုန် အောက်တိုဘာ ၂၉

ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ (၂၉)ကြိမ်၊ အကြိမ် (၃၀)နှင့် (၃၁)ကြိမ်မြောက် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာနှင့် သကြားလုံး (၉၉၀၀)စီကို ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ရှိ စိန္တာမုနိစေတီတော်နှင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်များအား ပူဇော်ပွဲ၊ စဥ့်ကူမြို့ မြို့ကုန်းရပ်ရှိ စိန္တာမုနိစေတီတော်တွင် စိန်ဖူးတော်အသစ် တင်လှူပွဲ၊ မြို့တွင်းရွှေဂူစေတီတော်၊ ဝါကြိုစေတီတော်၊ သိမ်တော်စေတီတော်နှင့် အရံစေတီတော်များတွင် ရွှေထီးတော်များအသစ် တင်လှူပွဲအခမ်းအနားများနှင့် စွယ်တော်လေးဆူနှင့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပား ဘုရားစုံဖူးခရီးတို့ကို ဒီဇင်ဘာ ၂၁ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါခရီးစဉ်များသို့ တစ်ရွက်လျှင် ငွေကျပ် ၁၀၀ တန် မဟာဒုက်ဘုရားမဲ ရွက်ရေ ၆၀၀ ရောင်းချပေးသူတိုင်းအား ခရီးစရိတ်ငြိမ်း ခေါ်ဆောင်မည်ဖြစ်သဖြင့် လိုက်ပါလိုသူများသည် ဗုဒ္ဓပူဇနိယဆီမီး (၉၉၀၀) အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇ နှင့် ၆၄၀၄၈၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တည်းပျိုးပင်များ ပေးအပ်ပွဲကျင်းပ

ဆီဆိုင် အောက်တိုဘာ ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးရွာများနှင့် အခြေခံပညာ မူလတန်းကျောင်းများ အတွက် စိုက်ပျိုးရန် တည်းပျိုးပင်များ ပေးအပ်သည့် အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ဆီဆိုင်မြို့နယ် ပါလောပါကယ် ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်သန်းထူးတို့ တက်ရောက်၍ နှစ်ရှည်သီးပင် တည်းပျိုးပင်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် တည်း နှစ်ရှည်သီးပင် စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးအမြတ်အကြောင်းကို ဒေသခံတိုင်းရင်းသားများအား ပအိုဝ်း-မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရှင်မြတ်သူနှင့် တွဲဖက်အတွင်းရေးမှူး ဦးတင်အောင်တို့က ကြီးကြပ်၍ ပင်စုံကျေးရွာအုပ်စုအတွက်တည်းပျိုးပင် ၃၀၀၀ ကိုလည်းကောင်း၊ ကုန်းဆွတ် ကျေးရွာအုပ်စုအတွက် တည်းပျိုးပင် ၃၀၀၀ကိုလည်းကောင်း၊ လွယ်ပွတ်ကျေးရွာအုပ်စု အတွက် တည်းပျိုးပင် ၄၂၀၀ ကိုလည်းကောင်း၊ ပါလောပါကယ် ကျေးရွာအုပ်စုအတွက် တည်းပျိုးပင် ၁၃၃၀၀ကိုလည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၄ ကျောင်းအတွက် တည်းပင်ပေါက် ၁၅၀၀ တို့ကိုလည်းကောင်း စုစုပေါင်း တည်းပင်ပေါက် ၂၅၀၀၀ ကို အခမဲ့ ဖြန့်ဝေပေးကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ်ပြန်/ဆက်)

ကျေးရွာရေရရှိရေးလုပ်ငန်းများ မြင်းမူမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

မြင်းမူ အောက်တိုဘာ ၁

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ ကျေးလက်ရေပေးရေး စစ်ဆေးရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းခေါင်းဆောင်သောအဖွဲ့သည် မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနွယ်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုးသိန်းတို့နှင့်အတူ မြင်းမူမြို့နယ်အတွင်း ကျေးရွာပေါင်း ၄၀ ရှိ ကျေးလက်ရေပေးရေးလုပ်ငန်းများ လည်ပတ်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**
(မြို့နယ်စည်ပင်)

TOTAL Kids School Admissions Open!
✔ မူကြို (တနင်္လာ-သောကြာ) (၂ - ၆ နှစ်အတွင်း)
✔ တနင်္လာ-သောကြာ (ညနေပိုင်းတန်းခွဲ)(၂ - ၁၄ နှစ်အတွင်း)
✔ စနေ-တနင်္ဂနွေ တန်းခွဲ (၂ - ၁၄ နှစ်အတွင်း)
We at Total, prepare your child today to be tomorrow's Digital Native Generation.

ပုဇွန်တောင်	စမ်းချောင်း	ပုလဲကွန်ဒို	ကမာရွတ်
☎ 296552, 293754	☎ 526456	☎ 545957, 557448(849)	☎ 524599, 501976

အမည်ဖြည့်စွက်ခေါ်ပါရန်
ရန်ကုန်တိုင်း၊ဗိုလ်တထောင်မြို့နယ် အမှတ် ၂၃-၂၅၊ ၄၅လမ်းနေ အဘ ဦးငွေသန်း (ခ)မိုဟာမက်အစ်စမိုင်၏ သမီးဖြစ်သူ အိုနိုက်ဆာ(ခ) တင်အိမ္ဗြာသန်း [၁၂/ဗတထ(နိုင်) ၀၄၁၂၅၇] ဟု ဖြည့်စွက်ခေါ်ပါရန်။

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်
ရန်ကုန်တိုင်းဗိုလ်တထောင်မြို့နယ် အမှတ်(၂၃-၂၅)၊ ၄၅လမ်းနေ အဘ ဦးငွေသန်း (ခ)မိုဟာမက်အစ်စမိုင်၏ သမီးဖြစ်သူ အိုမာမာအား အိုမာမာ (ခ)စိုးသီရိသန်း ဟု ဖြည့်စွက်ခေါ်ပါရန်။

လူပျောက်ကြော်ငြာ
မောင်တင်ထွန်းဦး(ခ)ရာဇတ် အသက် (၅)နှစ်သည် နေအိမ်မှ ၂၅-၁၀-၂၀၀၇ ရက်နေ့တွင် ပျောက်သွားပါသဖြင့် ကလေးအားတွေ့ရှိပါက ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။
ဒေါ်ဝါဝါအောင် အမှတ် (၁၉) ၅-လွှာ၊ ၁၀၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၂၉၇၈၃၁

အများသိစေရန်ကြေညာချက်
ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/I)၊ မြေကွက်အမှတ် ဒုတိယတန်းစား (၈၇)ဧရိယာ၊ အလျား (၅၀'x အနံ ၅၈' ပေ)ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၂)လမ်း၊ တိုက်အမှတ် (၃၈/၄၀)၊ အခန်းအမှတ် (၁) မြေညီထပ် အကျယ်အဝန်း (၁၂½' x ၆၀') အကျယ်ရှိ ရေမီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားသည့် ဦးလှိုင်ဝင်း [၁၂/သကတ(နိုင်)၀၀၁၃၃၁] ၏ စာချုပ်စာတမ်းမှတ်ပုံတင် အမှတ် (၄၂၂၅)ဖြင့် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းခံရသူ ဒေါ်အေးမွန်ထွေး [၁၂/သကတ(နိုင်)၀၀၁၁၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (ခုနစ်ရက်)အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်သည့်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူကျော်သိန်း(ခ)ဒေါ်မေကျော်သိန်း(LL.B)
တရားရုံးချုပ်ရှေ့နေ (စဥ်-၃၁၁၃)
အမှတ်(၄၁၃)၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀-၃၂၄၆၀၊ ၅၆၆၇၀၆

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့် –
ပြည်သူလူထုသာ နစ်နာဆုံးရှုံးရသည်။
နေ့စားလုပ်သားများ အလုပ်လက်မဲ့ဖြစ်ရသည်။
ဈေးသည်များ စီးပွားရေးထိခိုက်သည်။
အငှားကားမောင်းသူများ၊ ဆိုက်ကားနင်းသူများ အိတ်ထဲကစိုက်နေရသည်။
စတိုးဆိုင်များ၊ စားသောက်ဆိုင်များ ပိတ်ထားရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့် –
ကိုလိုနီနယ်ချဲ့ပွေကြီးများသာ အမြတ်ထွက်ကြသည်။
နယ်ချဲ့လက်ဝေခံမီဒီယာများ၊ ပြည်ပြေးများသာ ဒေါ်လာဆုကြေးတွေ ရနေကြသည်။
စီးပွားဖြစ်သွားသည်မှာ ထိုအဖျက်သမားများသာ ဖြစ်သည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား**